

# လုမ္ဗိနီ

၃
ဗ

နီပေါနိုင်ငံ၊ကတ္တမန္ဒူးမြို့၊မြန်မာသံရုံးမှ ဝန်ထမ်းတစ်ဦးစီစဉ်ပြုစုသည်
၁၃၅၄–ခုနှစ်၊နတ်တော်လ=၁၉၉၂–ခုနှစ်၊ဒီဇင်ဘာလ

[illegible]

[illegible]

ပ-မ-သ-စ-၆၂/၁၂-၁-၉၃-(၁၀၀၀) လက်ထိုး။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။



ဖွားမြင်တော်မူရာ နေရာပြ
အာသောက ကျောက်တိုင်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥယျောဇဉ် | |
| ၂။ | ဘုရားအလောင်းတော်ပဋိသန္ဓေစွဲတည်နေတော်မူခြင်း | - ၉ |
| ၃။ | လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်အတွင်းဘုရားအလောင်းတော်ဖွားမြင်ခြင်း | - ၁၀ |
| ၄။ | လုမ္ဗိနီဒေသ | - ၁၂ |
| ၅။ | အာသောက ကျောက်တိုင် | - ၁၃ |
| ၆။ | မှေးမှိန်ကွယ်ပျောက်ခဲ့ရ ဆိုဒေသ | - ၁၅ |
| ၇။ | ပြန်လည်ရှာဖွေတွေ့ရှိခြင်း | - ၁၆ |
| ၈။ | နှောင်းခေတ်ပြုပြင်ထိန်းသိမ်း ၊ တည်ဆောက်မှုများ | - ၁၇ |
| ၉။ | အပြည်ပြည်ဆိုင်ရာပူးပေါင်းပါဝင်မှု | - ၁၉ |
| ၁၀။ | လုမ္ဗိနီဖွံ့ဖြိုးရေး ပင်မစီမံကိန်း | - ၁၉ |
| ၁၁။ | လုမ္ဗိနီ ဖွံ့ဖြိုးရေး အဖွဲ့ | - ၂၂ |
| ၁၂။ | လက်ရှိအဆောက်အအုံများ | - ၂၂ |
| ၁၃။ | လုမ္ဗိနီဖွံ့ဖြိုးရေး အဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း | - ၂၃ |
| ၁၄။ | မြန်မာနိုင်ငံနှင့်လုမ္ဗိနီဖွံ့ဖြိုးရေး | - ၂၆ |
| ၁၅။ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပ်မတော်) အစိုးရကာလ | - ၂၇ |
| ၁၆။ | တွေးဆသုံးသပ်ချက်နှင့်ဆန္ဒ | - ၃၁ |
| ၁၇။ | ဓါတ်ပုံနှင့်မြေပုံများ | - ၃၅-၃၈ |
| ၁၈။ | နီပေါနိုင်ငံနှင့်ဗုဒ္ဓသာသနာ | - ၃၉ |
| ၁၉။ | ထေရဝါဒဗုဒ္ဓသာသနာ | - ၄၂ |
| ၂၀။ | နီပေါနိုင်ငံ၏ဆက်သွယ်ရေးလမ်းကြောင်း | - ၄၇ |
| ၂၁။ | သံဝေဇနီယလေးဌာနနှင့်အခြားဗုဒ္ဓဌာနများဆက်သွယ်မှု | - ၅၀ |
| ၂၂။ | နိဂုံး | - ၅၄ |

# ဥယျာဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာရေးဝန်ကြီးဌာန၏စီစဉ်ချက်ဖြင့် ဗုဒ္ဓမြတ်စွာဘုရားဖွားမြင်တော်မူရာ၊ နီပေါနိုင်ငံလုမ္ဗိနီဥယျာဉ်အတွင်း သာသနိကအဆောက်အအုံများဆောက်လုပ်လှူဒါန်းရန်၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ စေတနာရှင်၊ အလှူရှင်များကိုဖိတ်ကြား၍ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ၁၉၉၂ခု အောက်တိုဘာလ ၂၉ရက်နေ့က ကျင်းပခဲ့ကြောင်း သတင်းကောင်းကြားသိရပါသည်။ စေတနာရှင်၊ ပါရမီရှင်သာသနာ့ဒါယကာ၊ ဒါယိကာမများကလည်း စေတနာသက်သန့်စွာဖြင့်ပါဝင်လှူဒါန်းနေကြကြောင်း ဝမ်းမြောက်ဖွယ်ရာကြားသိရပါသည်။

ယင်းသို့သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းမည့်လုမ္ဗိနီဒေသနှင့်ပတ်သက်၍လည်းကောင်း၊ ဆက်စပ်နေသည့်အချက်အလက်အကြောင်းအရာများနှင့်ပတ်သက်၍လည်းကောင်း၊ သိပြီးကြသူများလည်းရှိပါမည်။ မသိသေးသူများလည်းရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တာဝန်ဖြင့် နီပေါ နိုင်ငံတွင် ရောက်ရှိတာဝန်ထမ်းဆောင် နေချိန်၊ စေတနာရှင်၊ ပါရမီရှင်များ အတွက် ရည်ရွယ်သည့် စာအုပ်တစ်အုပ်ကိုလိုအပ်သည့်အချက်အလက်များအားရှာဖွေစုဆောင်းပြီး ပြုစုတင်ပြအပ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

ဝန်ထမ်း တစ်ဦး

# လုမ္ဗိနီ

သန္တုဿိတာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊
ရွှေခါက်ဆယ့်ရှစ်ကြာ၊ ကဆုန်လပြည့်၊ သောကြာနေ့
ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌ ၊ မဟီ လှိုက်ဆူ၊
ဖွားတော်မူသည် နတ်လူအောင်မြို၊ လမ်းပါကို ။

## ဘုရားအလောင်းတော်ပဋိသန္ဓေစွဲဘည်နေတော်မူခြင်း

၁။ ရှင်တော်ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကိုဖြည့်ကျင့်ပြီး၊ ကုသိတာနတ်ပြည်၌အလောင်းတော် သေတကေတု အမည်ရှိသောနတ်သားအဖြစ်ကြီးစွာသောနတ်စည်းစိမ်ချမ်းသာကိုစံတော်မူခဲ့ပါသည်။ အလောင်းတော်သေတကေတု နတ်သားသည်အသက်တမ်းပြည့်နေတော်မူပြီး၊ နတ်ဗြဟ္မာ အပေါင်း၏တောင်းပန်ချက်ကြောင့်၊ နတ်သက်ကြွေစုတေတော်မူ၍၊ သကျသာကီဝင် မင်းမျိုး၊ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏မိဖုရားကြီး သိရိမဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်တွင်ပဋိသန္ဓေစွဲတည်နေတော်မူခဲ့ပါသည်။

၂။ မယ်တော်သီရိမဟာမာယာဒေဝီ မိဖုရားကြီးသည် ဘုရားအလောင်းတော် ပဋိသန္ဓေစွဲတည်နေတော်မူပြီး ဆယ်လအကြာ ရင့်မာခြင်းသို့ရောက်သောအခါ၊ မိမိ၏ ဇာတိ ရပ်မြေ ဆွေမျိုးတို့ရှိရာ ဒေဝဒဟပြည်သို့သွားရောက်လို သောဆန္ဒ လှုံ့ဆော်ဖြစ်ပေါ်လာရာ၊ သုဒ္ဓေါဒနမင်းကြီး ထံ လျှောက်ထားပန်ကြားပြီး ရွှေရုံသင်းပင်း၊ ဝင်းကိုယ်ရံတော် အဆောင်အယောင်များစွာတို့ဖြင့် ဒေဝဒဟပြည်သို့ ကြွချီ တော်မူပါသည်။

## လုမ္ဗိနီအင်ကြင်း ဥယျာဉ်တော်အတွင်း ဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

၃။ ကပိလဝတ်နေပြည်တော်နှင့် ဒေဝဒဟနှစ်ပြည်ထောင် တို့၏အကြား၌ လုမ္ဗိနီမည်သော သာယာလှပသည့်အင်ကြင်းတောတည် ရှိ၏။ လုမ္ဗိနီဟုအမည်တွင်ရခြင်းမှာ ဒေဝဒဟပြည်ရှင်မင်း ကြီး၏ မိဖုရားကြီး ``လုမ္ဗိနီ``ကဘုရင်ကြီးအား သာယာလှ ပသောဥယျာဉ်ကြီးတစ်ခုပျိုးထောင်ပေးရန်လျှောက်ထားရာ မှဘုရင်ကြီးကဥယျာဉ်တစ်ခုပျိုးထောင်ပေးရာ၊ အဆိုပါ မိဖုရားကြီး၏အမည်ကိုအစွဲပြု၍ ၎င်းဥယျာဉ်ကိုလည်း ``လုမ္ဗိနီ`` ဟုခေါ်တွင်သည်ဟုသိရပါသည်။ ၎င်းမိဖုရားကြီးမှာ မယ်တော် သီရိမဟာမာယာဒေဝီ၏မိခင်ဟုဆိုကြပါသည်။

၄။ မယ်တော်သီရိမဟာမာယာဒေဝီမိဖုရားကြီး လုမ္ဗိနီဥယျာဉ်သို့ဆိုက်ရောက်တော်မူသောအခါအင်ကြင်းပင်များသည် ပင်ရင်းပင်ဖျားမှအခက်အဖျားတိုင်ပင်လုံးကျွတ်အပင်တိုင်း ပွင့်လျက်ရှိပြီး၊ အင်ကြင်းပင်များ၏အပွင့်အခက်များ အကြားများ ပိတုန်းများ နှင့်အမျိုးမျိုးသောငှက်အပေါင်းတို့သည် သာယာနာပျော်ဖွယ်အသံဖြင့်ဝဲပျံကျွန်မြူး၊ ကွန်ကျူးလျက်ရှိသည်ဟု ဆိုပါသည်။ အဆိုပါအချိန်တွင်သီရိမဟာမာယာဒေဝီ မိဖုရားကြီးသည်အင်ကြင်းဥယျာဉ်အတွင်းသို့သက်ဝင်ပျော်ပါးကစားရှင်မြူးလိုသောဆန္ဒဆင်ရှားစွာဖြစ်ပေါ်လာသဖြင့်၊ မင်္ဂလာအင်ကြင်းတော်အတွင်းသို့ဝင်ရောက်ခဲ့ပြီး၊ ဖြောင့်မတ်လုံးဝန်းသောပင်စည်ရှိ၍ပန်းအတိတန်းဆာဆင်အပ်သောအင်ကြင်းပင်၏အခက်ကို လက်ဖြင့်လှမ်းယူလိုလာတော့သည်။

၅။ ထိုအင်ကြင်းခက်သည်လည်း အသက်ရှိသူအလား လူအများ၏ စိတ်နှလုံးကိုချောက်ချားနှောက်မွှေအံ့သြစေလျက်၊ အလိုအလျောက်၊ အောက်သို့တွဲလျားညွှတ်ကိုင်းကာသီရိမဟာမာယာဒေဝီမိဖုရားကြီး၏လက်ဝါးအပြင်သို့အသင့်ကပ်ရောက်လာလေရာ၊ မယ်တော်မိဖုရားကြီးသည်အင်ကြင်းခက်ကိုလက်ယာလက်ဖြင့်ဆွဲကိုင်ရပ်တည်သောခဏ၌ဘုရားအလောင်းတော်ကိုဖွားမြင်ကြောင်း ကမ္ဘာလေတို့ တုန်လှုပ်လာခဲ့ပါသည်။

၆။ ထိုအချိန်ကာလ မဟာသက္ကရာဇ် ခြောက်ဆယ်ရှစ်ခုနှစ်ကဆုန်လပြည့်၊ သောကြာနေ့တွင် ကျေးဇူး တော်အစုံဂုဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသောရှင်တော်ဂေါတမမြတ်စွာဘုရားအလောင်း တော်သည်လုမ္ဗိနီမည်သောမင်္ဂလာအင်ကြင်းတောအတွင်း မယ်တော်သီရိမဟာမာယာဒေဝီမိဖုရားကြီး၏ဝမ်းကြာတိုက်မှ ကောင်းစွာမီး ရှုး သန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။ (စာရှုသူများ ပိုမို၍ကြည်ညိုသဒ္ဓါတရား ပွါးများနိုင်စိမ့်သောငှာ ကြည်နူးဖွယ်ရာအသေးစိတ်ဖွဲ့ဆိုရေးသားထား သော မဟာဗုဒ္ဓဝင်ပါ၊ ဘုရားအလောင်းတော်ဖွားမြင်ခန်း ကောက်နုတ်ချက်ကိုစာအုပ်နောက်ပိုင်းတွင်ပူးတွဲဖော်ပြထားပါသည်။)

<u>လုမ္ဗိနီဒေသ</u>

၇။ အဆိုပါမဇ္ဈိမဒေသ၊ ကပိလဝတ်နှင့်ဒေဝဒဟနေပြည်တော်များအကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်တည်ရှိခဲ့ရာ လုမ္ဗိနီအရပ်သည်ယခုခေတ်ကာလအခေါ်အဝေါ်အားဖြင့် နီပေါနိုင်ငံ(အနောက်ပိုင်း)ဖွံ့ဖြိုးရေးဒေသ၊ လုမ္ဗိနီဇုံ၊ ရူပန်ဒေဟီခရိုင်၊ ဘိုင်ရာဟဝါ(ဓော်)သိဒ္ဓတ္ထနာဂါမြို့မှအနောက်ဖက်(၁၃)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ (လုမ္ဗိနီသည်နေရာလတ္တီတွဒ် ၂၇ ဒီဂရီ ၂၈မိနစ် မြောက်လောင်ဂျီတွဒ်၈၃ဒီဂရီ ၁၆.၄ မိနစ်မြောက်)

၇။ လုမ္ဗိနီဒေသသည်ဟိမဝန္တာ တောင်တန်းအနောက်ပိုင်း ရှိဆီဝါလစ်တောင်ကြောအခြေ၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ ကျော်အမြင့်ရှိ ဒေသအခေါ်တရိုင်း ဟုသည့်တောင်ပိုင်း မြေပြန့်နှင့်ဘစ်ဆက်ဘည်း တည်ရှိပါသည်။ အိန္ဒိယနယ်စပ်နှင့် ( ၆ ) မိုင်ခန့်သာကွာဝေး ပါသည်။

၈။ ဘုရားအလောင်းတော်ဖွားမြင်တော်မူခဲ့ရာ လုမ္ဗိနီဒေသသည်ဖွားမြင်တော်မူသည့်မဟာသက္ကရာဇ် ၆၈ ခုနှစ် (ခရစ်တော်မပေါ်မီ ၆၂၃ ခုနှစ်၊ အချို့ကဘီစီ ၅၆၃ ခုလည်း ဆိုကြပါသည်။) မတိုင်မီကာလ၊ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကာလအတွင်း နှင့် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်ပိုင်း တွင်လည်း ဘုရားဖူးသူတော်စဉ်များနှင့်စည်ကားစွာ တည်ရှိခဲ့သည်ဟုဆိုပါသည်။

<u>အာသောက ကျောက်တိုင်</u>

၉။ ဘီစီ ၃ ရာစုတွင်သာသနာဒါယကာ သိရိဓမ္မာသောကမင်းကြီး (အာသောကမင်းကြီး) သည်လုမ္ဗိနီဥယျာဉ်သို့ရောက်ရှိလာပြီး အရှင်ဥပဂုတ္တအကြံပြုချက်အရ ဘုရားရှင်ဖွားမြင်တော်မူရာနေရာတွင်အမှတ်အသားပြုကျောက်တိုင်တစ်ခုစိုက်ထူခဲ့ရာ၊ ယနေ့အထင်အရှားတွေ့မြင်နိုင်ပြီး၊ အာသောကကျောက်တိုင်ဟုခေါ်ဝေါ်လျက်ရှိကြပါသည်။ အာသောကကျောက်တိုင်မှာ မြေပြင်အထက် ၁၃ ပေနှဲ့ ကျော်မြင့်ပြီး၊ လုံးပတ်ရ ပေ ၃ လက်မ

ရှိသည်ဟုသိရပါသည်။ မူလက ကျောက်တိုင်ထိပ်တွင်မြင်း ရုပ်ပါ ရှိခဲ့သည်ဟုဆို သော်လည်း ၊ ယခုအခါမြင်း ရုပ်မ တွေ့ရှိရပါ။ ထိပ်ပိုင်း မှပြတ်ကျ နေသည်ဆို သော ကျောက်တုံး တစ်တုံး ကို ကျောက်တိုင်အနီး ပြသထား ပါသည်။

၁၀။ အာသောကမင်း ကြီး သည် ကျောက်တိုင်ကိုစိုက်ထူရာတွင် ကျောက်တိုင် ပေါ်၌၊ ၄င်း အနေဖြင့်ရာဇာဘိသိတ်ခံယူခဲ့ပြီး အနှစ်နှစ်ဆယ်ကြာတွင်၊ ဗုဒ္ဓမြတ်စွာဘုရား ဖွား မြင်ရာ ဌာနေရာ ရောက်ရှိခဲ့ကြောင်း ၊ ယင်း သို့ဘုရား ဖူး လာ ရောက်ခြင်း ကိုမှတ်တမ်း တင်ရန်၌ ကျောက်တိုင်ကိုစိုက်ထူခဲ့ ကြောင်း ၊ ဗုဒ္ဓမြတ်စွာဘုရား ဖွား မြင်ရာအရပ်ဖြစ်သဖြင့် လုမ္ဗိနီ ကျေး ရွာအား သာမန်အခွန် တော် ပေး ဆောင်ခြင်းမှကင်း လွတ်ခွင့်ပြုပြီး ၊ မူလ နှုန်း ထား၏ ရှစ်ပုံတစ်ပုံကိုသာ မြေခွန် အဖြစ် ပေး ရန်သတ်မှတ် ကြောင်း ကဗျည်း ထိုးခဲ့သည်ဟုဆိုပါ သည် ။ တစ်ချိန်တည်း တွင်ပင်အာသောကမင်း ကြီး သည် ရွှေဒင်္ဂါးအပြား တစ်သိန်း ကိုလှူဒါန်း ခဲ့သည်ဟုဆိုပါသည်။ ( ကျောက်စာနှင့်မြန်မာဘာသာပြန်ဆိုချက်သီး ခြား ဖော်ပြထား ပါသည်။ )

၁၁။ ထိုနောက်ကာလမှတ်တမ်း များ အရ အေဒီ ၅ရာ စုနှစ်တွင်တရုတ်ဘုန်း တော်ကြီး ဖာဟီအန် ရောက်ရှိစဉ် လည်း ကောင်း ၊ အေဒီ ၇ ရာစုတွင်တရုတ်ဘုန်း တော်ကြီး ဟုအင်ဆန် ရောက်ရှိစဉ်လည်း ကောင်း လုမ္ဗိနီနှင့်ပတ်သက်၍ မှတ်တမ်း

တင်သားကြောင်း တွေ့ရသည်ဟု စာအုပ်စာတမ်းများတွင် ဖတ်ရှုရပါသည်။ အေဒီ ၁၃၁၄ ခုနှစ်ခန့်တွင် နီပေါအနောက်ပိုင်း ဒေသကိုအုပ်ချုပ်သည့် ရီပုမာလဘုရင်သည် လုမ္ဗိနီသို့ ရောက်ရှိခဲ့ပြီး ၊ ယင်းသို့ ရောက်ရှိခဲ့သည့်အကြောင်းကို၊ မူလ အာသောက ကျောက်တိုင်တွင် ကဗျည်း မော်ကွန်း ရေးထိုးခဲ့သည်ဟုဆိုပါသည်။ နောက်ပိုင်းတွင်အဆိုပါဒေသအတွင်း အခြားဘာသာဝင်များ ကြီးစိုးထွန်းကားခဲ့ရာ၊ လုမ္ဗိနီဒေသမှာနှစ်ပေါင်းများစွာ ခြုံနွယ်များ ဖိတ်ဖုံး၍ ရှိခဲ့သည်ဟုသိရပါသည်။

မှေး မှိန်ကွယ် ပျောက်ခဲ့ရထို ဒေသ

၁၂။ လုမ္ဗိနီဒေသသည်နှစ်ပေါင်း ၆၀၀ ကျော် တိမ်မြုပ် မှေး မှိန်ခဲ့ရပြီး နောက်၊ သုတေသီများ အနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်ရာအရပ်ကို ရှာဖွေမတွေ့ရှိနိုင်သည့်အခြေအနေ ကြုံတွေ့ခဲ့ရပါသည်။ ထိုစဉ်က အိန္ဒိယနိုင်ငံမှာ ဗြိတိသျှလက်အောက်တွင် ကျရောက်နေပြီး ၊ ၁၈၁၆ ခုနှစ်တွင်ချုပ်ဆိုသော စာချုပ်တင် ရပ်အရ၊ လုမ္ဗိနီတည်ရှိရာအရပ်ကိုနီပေါနိုင်ငံပိုင်အဖြစ်ဗြိတိသျှ တို့က ပေးအပ်ပိုင်းခြားခဲ့သည်ဟုဆိုပါသည်။ (ထိုစဉ်က လုမ္ဗိနီ တည်ရှိရာအရပ်အတိအကျသိရှိရပါက ငင်း ဒေသကိုနီပေါ နိုင်ငံသို့ ပေးမည်ဟုမထင်ဟု ခေတ်ကာလနီပေါနိုင်ငံသားများ ကဆိုကြပါသည်။ )

၁၃။ ထိုကာလအတွင်းဗြိတိသျှနှင့်အိန္ဒိယရှေးဟောင်း သုတေသီများ သည် တရုတ်ဘုန်း တော်ကြီး များ ၏မှတ်တမ်း ကိုလက် ကိုင်ပြုခဲ့ကြပြီး ၊ ဗုဒ္ဓသမိုင်း ဝင် နေရာ များ ကိုရှာ ဖွေခဲ့ ကြရာ ၊ နေရာအတော်များ များ ကို တွေ့ရှိခဲ့ သော်လည်း လုမ္ဗိနီ၊ ကပိလဝတ်၊ ဒေဝဒဟ စသည့်နေရာ များ ကိုမ တွေ့ရှိခဲ့ ကြောင်း ၊ အချို့က၎င်း ဒေသများ မှာအိန္ဒိယနိုင်ငံအတွင်း တည်ရှိသည်ဟု ယူဆ ခဲ့ကြ ကြောင်း လေ့လာ ဖတ်ရှုရပါသည်။

<u>ပြန်လည်ရှာ ဖွေ တွေ့ရှိခြင်း</u>

၁၄။ ၁၈၉၅/၉၆ ခုနှစ်တွင်မှ ရှေး ဟောင်း သုတေ သီ ဒေါက်တာ အာ၊ ဖူရာ ဆိုသူ နီပေါနိုင်ငံတရိုင်း ဒေသ တွင် လှည့်လည်တုး ဖော်ရင်း ၊ ဗိုလ်ချုပ်ကြီး ခတ်ခါရှမ်ရှား ရာနာ ၏ အကူအညီဖြင့် လုမ္ဗိနီရှိအာ သောက ကျောက်တိုင် ကို ပြန်လည် ရှာ ဖွေ တွေ့ရှိခဲ့ ကြောင်း သိရှိရပါသည်။ တစ်ဆက်တည်း ခန့် တွင် ကပိလဝတ် နေပြည် တော်နှင့် ဒေဝဒဟတိုင်း ပြည်များ ၏ နေ ရာ များ ကိုလည်း ပြန်လည် တွေ့ရှိခဲ့ ကြောင်း သိရှိရပါသည်။

၁၅။ ၁၈၉၉ ခုနှစ်တွင်နီပေါနိုင်ငံရာနာအစိုး ရ ၏ သဘောတူညီချက်ဖြင့်အိန္ဒိယ နိုင်ငံ မှ ရှေး ဟောင်း သု တေ သီ မစ္စတာ ပီ၊ စီ၊ မုကာဂျီး ဆောင်၍လုမ္ဗိနီနှင့် ကပိ လ ဝတ် ဒေသဘစ်ဝိုက်ရှာဖွေတူး ဖော်မှုများ ပြုလုပ်ခဲ့ရာ၊ တောင်ကုန်း

ငယ်အဖြစ်တည်ရှိနေသော မယ်တော်မာယာဒေဝီ ဇိမာန်၊ ဖွားမြင်တော်မူခန်း ကျောက်ရုပ်နှင့် ရှေးဟောင်း စေတီများ၏ နေရာများကို ရှာဖွေတွေ့ရှိကြောင်း သိရှိရပါသည်။

၁၆။ ၁၉၃၂မှ ၃၉ခုနှစ်အတွင်း ဗိုလ်ချုပ်ကြီး ကိုင့်စာ ရှမ်ရှား၊ ဂျမ်း ဗဟာဒူး ရာနာဦး ဆောင်၍လုမ္ဗိနီဒေသ တစ်ဝိုက်တူးဖော်မှု၊ မွမ်းမံမှုများ ပြုလုပ်ခဲ့ရာ၊ မယ်တော်မာယာဒေဝီဇိမာန်အား လက်ရှိပုံစံအတိုင်း ပြင်ဆင်တည်ဆောက်မှု၊ အာသောက ကျောက်တိုင်ပတ်လည်တွင်သံခြံစည်း ရိုးခတ်မှု၊ မယ်တော်မာယာဒေဝီ ရေချိုးခဲ့သည်ဆိုသည့် သကျရေကန်ကိုလည်း ချဲ့ထွင်ပြင်ဆင်ခဲ့မှုများ ပါဝင်ခဲ့သည်ဟုသိရှိရပါသည်။ အဆိုပါ တူးဖော်ပြင်ဆင်မွမ်းမံမှုမှာကျွမ်းကျင်သူများ၏စနစ်တကျ တူးဖော်မှုမဟုတ်သဖြင့် မူလရှေးဟောင်းလက်ရာများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟုဆိုကြပါသည်။

<u>နှောင်းခေတ်ပြုပြင်ထိန်းသိမ်း တည်ဆောက်မှုများ</u>

၁၇။ လုမ္ဗိနီဒေသမှာအထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မှေးမှိန်ပျောက်ကွယ်လိုက်ပြန်လည်တူးဖော်တွေ့ရှိလိုက်နှင့်ပင် လောကဓံတရားကိုအလှူအကောက်များစွာဖြင့်အကြိမ်ကြိမ် ကြုံတွေ့ခံစားခဲ့ရသော်လည်း၊ ဗုဒ္ဓဘာသာဝင်ဘုရားဖူးများ သည်ထူးခြားမှန်မြတ်လှသည့်လုမ္ဗိနီဒေသသို့အခက်အခဲအမျိုးမျိုး ကြားမှရောက်လာကြလေ့ရှိသည်ဟုသိရှိရပါသည်။ ထိုစဉ်က (၆) မိုင်မျှသာဝေးသည့်အိန္ဒိယနယ်စပ်၊ နောင်ဂါးဒေသ

မှဖြတ်သန်းလာရောက်ကြရကြောင်း၊ နီပေါနိုင်ငံအတွင်းအနီးဆုံးဖြစ်သော ဘိုင်ရဟဝါမြို့နှင့်လည်း သွားနိုင်သော မြေလမ်းသာအဆက်အသွယ်ရှိကြောင်း သိရှိရပါသည်။

၁၈။ ၁၉၅၆ ခုနှစ်ခန့်တွင်နီပေါနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ၏ ရှေ့ဆောင်ဓမ္မောဒယစာဘာအသင်းကဦးဆောင်၍အားသောက ကျောက်တိုင်အနီး ထေရဝါဒ ဗုဒ္ဓဘာသာဝင်ကျောင်းအစ်ခုကိုဆောက်လုပ်လှူဒါန်း၍၊ ၄င်းတစ်ဝိုက်အကြီးဆုံး သောသာသနိကအဆောက်အအုံတစ်ခုပေါ်ပေါက်ခဲ့ရကြောင်း သိရပါသည်။ (၁၉၈၅ ခုနှစ်တွင် မဟာယာနဘုန်းတော်ကြီးကျောင်းတစ်ခုထပ်မံပေါ်ပေါက်ခဲ့ပါသည်။ )

၁၉။ အဆိုပါ ၁၉၅၆ ခုနှစ်တွင်ပင်၊ နတ်ရွာစံခဲ့သည့်နီပေါဘုရင်၊ မဟိန္ဒရာဘိုက်တိုင်လုမ္ဗိနီဒေသသို့ရောက်ရှိခဲ့ရာ၊ သခ္ခါတရားပွဲများ စွာဖြင့်နီပေါဂုပ်းတစ်သန်းကို လှူဒါန်းခဲ့ပြီ၊ ၎င်းငွေကိုကာလလုမ္ဗိနီဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပထမဆုံး ငိတ်ဝင်စားစွာလမ်းညွှန်မိန့်ကြားခဲ့သည်ဟုသိရပါသည်။

၂၀။ ထိုနောက်၁၉၆၇ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဦးသန့် လုမ္ဗိနီသို့ရောက်ရှိခဲ့ပြီး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ကုလသမဂ္ဂမှအကူအညီပေးရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

<u>အပြည်ပြည်ဆိုင်ရာပူး ပေါင်း ပါဝင်မှု</u>

၂၁။ ၁၉၇၀ပြည့်နှစ်တွင် ကုလသမဂ္ဂဆိုင်ရာ နီ ပေါ အမြဲတမ်း ကိုယ်စား လှယ်ဦး ဆောင်ပြီး ၊ (၁၃) နိုင်ငံမှ ကိုယ်စား လှယ်များ ပါဝင်သည့်အပြည်ပြည်ဆိုင်ရာလုမ္ဗိနီဖွံ့ဖြိုး ရေး ကော်မတီတစ်ရပ်ကိုနယူး ယောက်မြို့တွင်ဖွဲ့စည်း ခဲ့ပါသည်။ အဆိုပါ ကော်မတီတွင်နီ ပေါနိုင်ငံ၊ မြန်မာနိုင်ငံ၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီး ယား ၊ အိန္ဒိယ၊ အင်ဒိုနီး ရှား ၊ ဂျပန်၊ လော ၊ မလေး ရှား ၊ ပါကစ္စတန်၊ စင်ကာပူ၊ သီရိလင်္ကာနှင့် ထိုင်း နိုင်ငံများ ပါဝင်ခဲ့ပါသည်။ မကြာမီတွင်ဘင်္ဂလား ဒေ့ ရှ် ၊ ဘူတန်နှင့်ကိုရီး ယား သမ္မတနိုင်ငံများ လည်း ကော်မတီဝင်များ အဖြစ်ဖြည့် စွက်ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။ အထွေ ထွေ အတွင်း ရေး မှူး ချုပ်များ ဖြစ်ကြသည့် မစ္စတာကတ်ဗါး ဟိန်း ၊ နှင့်မစ္စတာပဲရစ်ဒီ ကွေလျား တို့ကလည်း အဆက်ဆက် ကူညီအား ပေး မှုများ ပြုခဲ့သည်ဟုဆိုပါသည်။

<u>လုမ္ဗိနီဖွံ့ဖြိုး ရေး ပင်မစီမံကိန်း</u>

၂၂။ အပြည်ပြည်ဆိုင်ရာလုမ္ဗိနီဖွံ့ဖြိုး ရေး ကော်မတီ ၏ တာဝန် ပေး အပ်ချက်အရ ဂျပန်ပါမောက္ခ တင်ဇိုတင် ဂီ က လုမ္ဗိနီဖွံ့ဖြိုး ရေး ပင်မစီမံကိန်း ပုံစံကို ရေး ဆွဲခဲ့ရာ ၁၉၇၈ ခုနှစ်တွင်ပြီး စီး ခဲ့ပါသည်။ ၎င်း စီမံကိန်း အတွက် ကုလသမဂ္ဂ ဖွံ့ဖြိုး ရေး အစီအစဉ်က ဒေါ်လာတစ်သန်း ခန့်ပေး အပ် ခဲ့

ကြောင်း သိရှိရပါသည်။ ဇီမ်ကိန်း နှင့်ပတ်သက်သည့် အကျဉ်းချုပ် အချက်အလက်များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ဇီမ်ကိန်း ဧရိယာမှာ အလျား သုံးမိုင် ၊ အနံ တစ်မိုင်ရှိပါသည်။
  - ဇီမ်ကိန်း တွင် အောက်ဖော်ပြပါ အပိုင်းကြီး သုံးပိုင်း ပါဝင်ပါသည် -
    - မြင့်မြတ်သော ဥယျာဉ်
    - ဘုန်းတော်ကြီး ကျောင်း များ ဇုံ
    - လူနေရွာ
    - မြင့်မြတ်သော ဥယျာဉ်အပိုင်းမှာ စက်ဝိုင်း ပုံသဏ္ဌာန်ရှိပြီး ၊အာသောကကျောက်တိုင် ၊ မာယာဒေဝီဗိမာန်နှင့် သကျရေကန် တို့ပါဝင်ပါသည်။ ၎င်း အပိုင်းတွင် ရှေးဟောင်း အဆောက်အအုံမှလွဲ၍ အခြား အဆောက်အအုံများ မထားရှိရဟု သိရပါသည်။ (လက်ရှိဘုန်း တော်ကြီးကျောင်း နှင့် ကျောင်း အပါအဝင်အခြား နှောင်း ခေတ်အဆောက်အအုံအား လုံး ဖျက်ရပါမည်။ )

- ဘုန်းတော်ကြီးကျောင်းများဇုံတွင်အရှေ့ပိုင်းဇုံမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်ပြီး ၁၂၀ မီတာပတ်လည် မြေကွက်သုံးကွက်နှင့် ၈၀ မီတာပတ်လည် မြေကွက် ( ၁၀ ) ပါဝင်ပါသည်။ အနောက်ပိုင်းဇုံမှာ မဟာယနဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်ပြီး၊ ၁၆၀ မီတာပတ်လည် မြေကွက်နှစ်ကွက်၊ ၁၂၀ မီတာပတ်လည် မြေကွက် ( ၆ ) ကွက်နှင့် ၈၀ မီတာပတ်လည် မြေကွက် ( ၂၀ ) ကွက်ပါဝင်ပါသည်။
- လုမ္ဗိနီရွာတွင် စာကြည့်တိုက်၊ ပိဋကတ်တိုက်၊ ပြတိုက်၊ သုတေသနဌာန၊ အစည်းအဝေးခန်းမကြီး၊ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များ နှင့် ခရီးသွားလာသူများ အထောက်လိုအပ်သည့် ဆိုင်ကန္နားများ ပါဝင်ပါသည်။
- အရှေ့နှင့်အနောက်ဘုန်းတော်ကြီးကျောင်းများဇုံနှစ်ခုအကြားတွင်စီမံကိန်းပါအပိုင်းကြီးသုံးပိုင်းကိုဆက်စပ်ထားမည့်မီတာ ၁၄၇၄ အရှည်ရှိသောတူးမြောင်းတစ်ခုဖောက်လုပ်ပါဝင်ပါသည်။
- အခြားဆက်စပ်နေသည့်လုပ်ငန်းများဖြစ်သည့် မြေဖို့ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ အနီးဆုံးဘိုင်ရဟာဝါမြို့နှင့်ဆက်သွယ်သည့်လမ်းကိုပြုပြင်ပြီး၊ ဘိုင်ရဟာဝါလေဆိပ်တိုးချဲ့ခြင်း၊ မူလရှိနေသည့်

- ချောင်း ငယ်များ မှ ရေမသွံ့စေရန် ဖြို့ ခြင်း၊
သောက်သုံး ရေ၊ လျှပ်စစ်မီး များ သွယ်တန်းခြင်း
စသည့်လုပ်ငန်း များ ပါဝင်ပါသည်။

<u>လုမ္ဘိနီဖွံ့ဖြိုး ရေး အဖွဲ့</u>

၂၂။ ၁၉၇၅ ခုနှစ်တွင်လက်ရှိနီပေါဘုရင် ဘီရင် ဒရာ က လုမ္ဘိနီဖွံ့ဖြိုး ရေး အဖွဲ့ ( ဂေါပကအဖွဲ့ ) ကိုဖွဲ့စည်း ပေးခဲ့ရာ၊ စတင်ဖွဲ့စည်း ချိန်ကဘုရင်၏ညီမင်း သား ဂျန်အင်ဒရာ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍အဖွဲ့ဝင် ( ၇ ) ဦး ပါဝင် ပါ သည် ။ အဖွဲ့၏ရည်ရွယ်ချက်မှာလုမ္ဘိနီ ဒေသအား ဘုရား ဖူး ရာဒေ သ အဖြစ်ထိန်း သိမ်း မွမ်း မံရန်၊ ကမ္ဘာ့လှည့်ခရီး သည်များ လ ာ ရောက်ရန် ဒေသအဖြစ်ပြင်ဆင်ရန်နှင့်ဂုဏ်တော်ဂေါ တ မ မြတ်စွာဘုရား၏တရား ဓမ္မကိုကမ္ဘာ့ပြည်သူများ အလွယ် တ ကူ ဖြန့်ဖြူး ရရှိနိုင်ရာ ဒေသအဖြစ်တည် ဆောက်ရန်ဟုဆိုပါ သည် ။

<u>လက်ရှိအဆောက်အအုံများ</u>

၂၃။ အဆိုပါ ဂေါပက အဖွဲ့လက်ထက်တွင် စီမံကိန်း နှ င့် ဆက်စပ်၍ ဘိုင်ရဟဝါ မြို့နှင့်ဆက်သွယ်သည့်လမ်း အား ကတ္တ ရာ လမ်း အဖြစ်တိုး ချဲ့ဖောက်လုပ်ခြင်း ၊ မြေဖို့ခြင်း များ အ ပြ င် သီရိလင်္ကာအစိုး ရ၏အလှူအဖြစ်အခန်း ၃၂ ခန်း၊ ဒီဝ ရာ ၁၇၇ နေပါဘုရား ဖူး များ တည်းခိုရိပ်သာ ဆောက်လုပ် ပြီး စီး

ခြင်း ၊ အိန္ဒိယအစိုးရ၏အလှူအဖြစ်ပြတိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးခြင်း ၊ ဂျပန်နိုင်ငံမှ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သော ရိုင်ယူကိုင် အဖွဲ့ ကလျှုဒါန်းသည့် သုတေသနဌာန နှင့် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးခြင်းများပါဝင်ခဲ့ပြီး ၊ ဂျပန်နိုင်ငံဟုတ်ကိ ကလပ်မှအခန်း ၁၆ ခန်း ပါကြယ် ( ၃ ) ပွင့်အဆင့်ဟုတ်ကိ ဟိုတယ်ကိုလည်း မြေငှား၍ဖွင့် လှစ်ခွင့်ပြုခဲ့ပါသည်။

၂၄။ ၄င်း ဂေါပကအဖွဲ့သည်အထက်အပိုဒ်ပါအဆောက် အအုံများ ဆောက်လုပ်နိုင်ခဲ့သော်လည်း ၊ အဖွဲ့ဝင်အများစုမှာ ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြ၍ စိတ်ဝင်စားမှုနည်းပြီး တိုးတက်သင့်သလောက်တိုးတက်အောင်မဆောင်ရွက်နိုင်ခဲ့ ကြောင်း ၊ အလွဲသုံးစားမှုများ ရှိကြောင်း စသည်ဖြင့် ဝေဖန်ထိုးနှက်ခြင်းခံရသည်ဟုဆိုပါသည်။

## လုမ္ဗိနီဖွံ့ဖြိုးရေးအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း

၂၅။ ၁၉၉၁ ခုနှစ် မေလတွင်နီပေါနိုင်ငံ၌ ပါတီမဲ့ ပန်ချာယတ်စနစ်မှ ပါတီစုံစနစ်သို့ကူးပြောင်းခဲ့ပြီး အစိုးရအသစ်ဖွဲ့စည်းခဲ့ရာ၊ ၁၉၉၁ ခုနှစ်ဒီဇင်ဘာလတွင် လုမ္ဗိနီဖွံ့ဖြိုးရေးအဖွဲ့ကိုလည်း ပညာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဦးဆောင်ပြီး အဖွဲ့ဝင်စုစုပေါင်း ( ၂၁ ) ဦးနှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂၆။ လက်ရှိအဖွဲ့သစ်တွင်ရာထူး ဌာနန္တရ အရပ်ဝင် သုအခြား ဘာသာဝင်(၅)ဦး ခန့်မှလွဲ၍၊ ကျန်အဖွဲ့ဝင်အားလုံး မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ရာထူး ဌာနန္တရ အရသက်ဆိုင်သောဝန်ကြီး ဌာနများ မှဝန်ကြီး နှစ်ဦး၊ အတွင်း ဝန် (၃) ဦး စသည်ဖြင့်ပါဝင်ပါသည်။ ကျန်အဖွဲ့ဝင် များ မှာ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီး နှစ်ပါး၊ အငြိမ်း စား ပါမောက္ခ များ၊ သင်ရှားသည့်ကုန်သည်ကြီး များနှင့် ကမ္ဘာ့ ဗုဒ္ဓဘာသာအဖွဲ့အစည်း မှကိုယ်စားလှယ် ၂ ဦး၊ ဂျပန်နိုင်ငံ မှအငြိမ်းစား ဝန်ကြီး ချုပ်တစ်ဦး စသည်ဖြင့်ပါဝင်ပါသည်။

၂၇။ အဖွဲ့ ဖွဲ့စည်းပြီး ဘင်နှင်တာ ကာလ အတွင်း အဖွဲ့၏ ဆောင်ရွက်ချက်များ ကို လေ့လာကြည့်ရာအထူး တက်ကြွ ၊ စိတ်ဝင်စား စွာဖြင့်ဆောင်ရွက်လျက်ရှိ ကြောင်း တွေ့ရှိ ရ ပါ သည်။ အဖွဲ့သည်တစ်နှစ်တာကာလအတွင်း အစည်းအဝေး နှစ် ကြိမ် ကျင်း ပခဲ့ပြီး၊ နီပေါနိုင်ငံအခြေစိုက်သံရုံး များ၊ ကမ္ဘာ့ ဗုဒ္ဓဘာသာအဖွဲ့အစည်း များ၊ နိုင်ငံတော်ဧည့်သည်နိုင်ငံ ခြား အစိုး ရအဖွဲ့ဝင်များ၊ ပုဂ္ဂလိကအလှူရှင်များ အား ချဉ်းကပ် ၍ လုမ္ဗိနီဒေသဖွံ့ဖြိုး ရေး လုပ်ငန်း များ အတွက်စည်း ရုံး ဆောင် ရွက်လျက်ရှိရာ ကြောင်းကာလအတွင်း ထူး ခြား မြင့်မြတ်လှ သည့် လုမ္ဗိနီဒေသမှာဖွံ့ဖြိုးသာယာလာမည်ဟုယုံကြည်မိကြောင်းတင် ပြ အပ်ပါသည်။ သင်ရှား သည့်ထိုး အက်မှုများ မှာဂျပန်နိုင် ငံ မှ

ဗုဒ္ဓဘာသာအဖွဲ့ အစည်းတစ်ခု က မယ်တော်မာယာဒေဝီဗိမာန် ပြင်ဆင်မွမ်းမံရန်အတွက်အလှူငွေ ဒေါ်လာတစ်သိန်း ငါးသောင်း ထိုင်း နိုင်ငံမှအရာတော်ကြီး တစ်ပါး ကစီမံကိန်း ဧရိယာဟောင်း လျှပ်စစ်မီး သွယ်တန်း ရန်၊ စာသင်ကျောင်း ဆောက်ပေးရန် ၊ မြေတူး စက်၊ မြေညှိစက်များ လှူဒါန်း ရန်ကမ်း လှမ်းချက်၊ ယိုကိုဟား မား မြို့တော်ဝန်က မီး သတ်ကား နှင့်သူနာတင်ယာဉ် လှူဒါန်း မှု၊ ဟိုတယ်တစ်ခု ဆောက်လုပ်ရန်ကမ်း လှမ်း မှုစသည်များ ဖြစ်ပါသည်။

၂၀။ ၁၉၉၂ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့ တွင် ကျင်း ပခဲ့သောလုမ္ဗိနီဖွံ့ဖြိုး ရေး အဖွဲ့၏ဒုတိယအကြိမ်အစည်းအဝေး တွင်အတည်ပြုထား သော မြေကွက်ခွဲ ဝေချထား မှုအခြေအနေ မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | မြန်မာနိုင်ငံ | မြေ ( ၂ ) ကွက် |
| (ခ) | ထိုင်း နိုင်ငံ | မြေ ( ၂ ) ကွက် |
| (ဂ) | ပြင်သစ်နိုင်ငံမှဗုဒ္ဓဘာသာအသင်း | မြေ ( ၁ ) ကွက် |
| (ဃ) | တရုတ်ဗုဒ္ဓဘာသာအသင်း | မြေ ( ၁ ) ကွက် |
| (င) | ဟောင်ကောင်ဂျပန်ဗုဒ္ဓဘာသာအသင်း | မြေ ( ၁ ) ကွက် |
| (စ) | မဟာဗောဓိ ဝိဟာရနီပေါ ဗုဒ္ဓဘာသာအသင်း | မြေ ( ၁ ) ကွက် |

## မြန်မာနိုင်ငံနှင့်လုမ္ဗိနီဖွံ့ဖြိုးရေး

၂၉။ ဗုဒ္ဓသာသနာတော်ထွန်းကားရာမြန်မာနိုင်ငံသည်အများစုဖြစ်သောဗုဒ္ဓဘာသာဝင်ပြည်သူများ၏ဆန္ဒနှင့်အညီ လုမ္ဗိနီဖွံ့ဖြိုးရေးလုပ်ငန်းများတွင်စိတ်ဝင်စားခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်ဘုရားဖူးများသည်လည်း ရှေးကပင် လုမ္ဗိနီသို့ရောက်ဖူးခဲ့ကြပေပြီ၊ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဆိမ်ရှင်နီပေါနိုင်ငံက လုမ္ဗိနီဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ကြပင်၊ အခြားနိုင်ငံများနှင့်အတူ ကော်မတီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်လှုပ်ရှားခဲ့ပါသည်။ ဆိမ်ရှင်နိုင်ငံ၏လှုပ်ရှားမှုနှင့်အတူ နီပေါနိုင်ငံရှိ၊ မြန်မာသံရုံး၊ ကုလသမဂ္ဂအဖွဲ့ချုပ်ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့က နိုင်ငံတော်အစိုးရထံတင်ပြလမ်းညွှန်မှုရယူဆောင်ရွက်ခဲ့ပါသည်။ စေတနာရှင်များက ငွေကြေးလှူဒါန်းမှုများပြုခဲ့ကြပြီး၊ အစိုးရလည်း လုမ္ဗိနီဒေသအတွက် သစ်စေ့ပေါင်း (၄၀၀၀) ကျော်လှူဒါန်းခဲ့ခြင်းများရှိခဲ့ပါသည်။ ယခင်အဆက်ဆက်သောမြန်မာသံအမတ်ကြီးများအနေဖြင့်လည်း စိတ်ဝင်စားစွာ အားပေးဆောင်ရွက်ခဲ့ကြပါသည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပ်မတော် ) အစိုးရကာလ

၃၀။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဘက်စုံ တည်ဆောက်ရေး လုပ်ငန်းများ နှင့်အတူဗုဒ္ဓသာသနာတော်ထွန်း ကားပြန့်ပွါးရေး ကိုအထူး အား ပေး ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေး အဖွဲ့ (တပ်မတော်) အစိုးရလက်ထက်တွင်နိ ပေါ်နိုင်ငံအနေဖြင့်လည်း လူမှုနိ ဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုယခင်ကထက်အား ပေး နေချိန်နှင့်တိုက် ဆိုင် လျက်ရှိရာ၊ မြန်မာဗုဒ္ဓဘာသာဝင်စေတနာရှင်၊ ပါရမီရှင် များ အနေဖြင့်ထူး ခြား စွာကြုံကြိုက် သောအခွင့်အရေး တစ် ရပ် ဟုယုံကြည်မိပါသည်။

၃၁။ မြန်မာနိုင်ငံတော်အကြီး အကဲများ ကိုယ် တိုင် က သာသနာရေး အတွက်အထူး အား ပေး ကြပါသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည် ဆောက် ရေး အဖွဲ့၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်း ရွှေကိုယ်တိုင်နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ကြီး များ ထံမှ ဩဝါဒ ခံယူပြီး သာသနာတော်အကျိုး ၊ နိုင်ငံတော် အကျိုး ၊ ပြည်သူလူထု၏အကျိုး ကိုဆရာတော် ကြီး များ ၏ ဆုံးမဩ ဝါဒ ကိုခံယူပြီး အကောင်း ဆုံး ဖြစ်အောင် ဆောင်ရွက်သွား မည် ဖြစ် ကြောင်း လျှောက်ထား ခဲ့သည်ကိုအား လုံး သိရှိပြီး ဖြစ်ကြ ပေသည်။

၃၂။ မြန်မာသံရုံးမှတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်လည်း နီပေါနိုင်ငံသို့မသွားရောက်မီကပင်လုမ္ဗိနီဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍၊ ကြုံတွေ့ရဖွယ်ရှိသဖြင့် ကင်ပြုလမ်းညွှန်မှုရယူခဲ့ရာ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ ဗိုလ်ချုပ်ခင်ညွန့်က နိုင်ငံတော်အစိုးရအနေဖြင့် ``ကျောင်းဆောက်၍ရသည့်နေရာကျောင်းဆောက်မည်၊ ဘုရားတည်၍ရသည့်နေရာဘုရားတည်မည်`` ဟုလမ်းညွှန်မှုပြုခဲ့ပါသည်။

၃၃။ များမကြာမီ ၁၉၉၂ ခုနှစ် ဇန်နဝါရီလအတွင်း လုမ္ဗိနီ ဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များကဗုဒ္ဓဘာသာနိုင်ငံများ အတွက်လုမ္ဗိနီဒေသတွင် မြေကွက်များ ချထားပေးရန်ရှိကြောင်း၊ နိုင်ငံအလိုက်ကိုယ်ပိုင်ဗိသုကာလက်ရာဖြင့်သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းပါရန်သံရုံးသို့ လာရောက်ချဉ်းကပ်မေတ္တာရပ်ခံလာပါသည်။ တိကျသောလမ်းညွှန်မှုရရှိထားပြီးဖြစ်သဖြင့် သံအမတ်ကြီးက မြေကွက်ရယူလိုကြောင်း မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများက သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းနိုင်မည်ဖြစ်ကြောင်း တစ်ထိုင်တည်းပင်ပြန်ကြားခဲ့ရာ၊ မြန်မာနိုင်ငံ၏တုံ့ပြန်မှုကို အထူးအားရကျေနပ်သည့်လုမ္ဗိနီ ဖွံ့ဖြိုးရေးအဖွဲ့ကပထမဆုံးအဖြေပေးသည့်မြန်မာနိုင်ငံအတွက်အကောင်းဆုံး မြေကွက်ကိုရာသားပေးမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ပါသည်။

၃၄။ ဤနေရာတွင်ဆွေးနွေးစဉ်က၊ သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်နိုင်ငံခြားသုံးငွေလိုအပ်မည့်ကိစ္စ ပါဝင်ခဲ့ရာ၊ မြန်မာနိုင်ငံမှ ပို့ကုန်ပစ္စည်းများကို နီပေါ နိုင်ငံသို့တင်သွင်း၍ရရှိမည့်ဒေသသုံးငွေကိုမြန်မာ နိုင်ငံမှ ကိုယ်တိုင်စီမံခန့်ခွဲ၍ ဆောက်လုပ်ရေးလုပ်ငန်းများတွင်အသုံး ပြုနိုင်ကြောင်း ပါဝင်ခဲ့ပါသည်။ သစ်ကဲ့သို့သော ပို့ကုန်ပစ္စည်းများ တင်ပို့နိုင်ပါမည်။ ကျောင်းအဆောက်အအုံများ ဆောက်လုပ် လှူဒါန်းကြမည့်အခြားနိုင်ငံများကိုလည်း လိုအပ်သည့်သစ် ရောင်း ချပေးနိုင်ကြောင်း ကမ်းလှမ်းဆွေးနွေးထားပါသည်။

၃၅။ ပုဂ္ဂလိကတွေ့ဆုံချက်အရ ရရှိထားသည့်မြေကွက် အကျယ်အဝန်း အနေအထားနှင့်အညီ သံဃာတော်ငါးပါးသိတင်း သုံးနိုင်ပြီး၊ ကပ္ပိယနှစ်ဦးပါနေထိုင်ဝတ်ဖြည့်နိုင်မည့် ဘုန်းတော် ကြီးကျောင်းတစ်ကျောင်း၊ ဘာသာရေးဆိုင်ရာအခမ်းအနား များကျင်းပနိုင်မည့်ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမကဲ့သို့ ဇရပ် ခန်းမတစ်ခု၊ ရဟန်းဘောင်ဝင်လိုသူများအတွက်သိမ်တစ်ခု၊ ဘုရားဖူးများတည်းခိုနိုင်မည့်အဆောင်တစ်ခုနှင့်မြန်မာ လက်ရာ၊ မြန်မာပုံစံစေတီပုထိုးတစ်ခု ဆောက်လုပ်လှူဒါန်းသင့် သည်ဟုမြင်ပါသည်။ ပိုမိုတတ်သိနားလည်သည့်အထက်အဖွဲ့အစည်းများ ၏ဆုံးဖြတ်ချက်၊ အတည်ပြုပေးမည့်လုမ္ဗိနီဖွံ့ဖြိုးရေးအဖွဲ့တို့နှင့် အဓိကသက်ဆိုင်သည့်အပိုင်းဖြစ်ပါသည်။

၃၆။ အထက်ပါဘုန်းတော်ကြီးကျောင်းဇုံတွင်သာသနာ အဆောက်အအုံများ ဆောက်လုပ်ရန်ကိစ္စအပြင်၊ စိမ်းကိန်းဒေသ တစ်ခုလုံးအတွက် ရေသိုလှောင်ဖြန့်ဖြူးသည့်လုပ်ငန်းကြီးအတွက် လှူဒါန်းပါရန်ချဉ်းကပ်မေတ္တာရပ်ခံချက်ရှိပါသည်။ ရေအကျိုး (၁၀) ပါးကိုမမှတ်မသုံးယုံကြည်ပါသော်လည်း ဒေါ်လာတစ်သန်းခန့်ကုန်ကျဖွယ်ရာရှိသည့်လုပ်ငန်းကြီးတစ်ခုအတွက်တစ်နိုင်ငံ၊ တစ်ဌာနတည်းမှတာဝန်ယူရန်အခြေအနေပေးမည်ဟုမထင်ကြောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်လှူဒါန်းနိုင်မည်ဟုယူဆကြောင်း သာပြန်ကြားထားရကြောင်း ဖော်ပြအပ်ပါသည်။ (ရေစင်နှင့်သိုလှောင်ကန်အတွက် ဒေါ်လာ၅သိန်းခန့်ဖြစ်ပြီး၊ ရေဖြန့်ဖြူးရေးစနစ်တစ်ခုလုံးအတွက် ဒေါ်လာ ၅ သိန်းခန့်ကုန်ကျပါမည်။)

၃၇။ နောက်ပိုင်းတွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနများ၏လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ခဲ့ရာ၊ လုမ္ဗိနီဒေသတွင်မြန်မာနိုင်ငံအတွက် မီတာ ၁၂၀ ပတ်လည်မြေကွက်တစ်ကွက်နှင့် ၈၀ မီတာ ပတ်လည်မြေကွက်တစ်ကွက်စုစုပေါင်း မြေကွက် (၂) ကွက်ရယူနိုင်ခဲ့ပါသည်။ ဆောက်လုပ်လှူဒါန်းသင့်သည်ဟုယူဆသော အဆောက်အအုံအမျိုးအစား၊ ဒေသအလိုက်ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းစသည်များကိုလည်းတင်ပြခဲ့ပါသည်။

၃၇။ ယခုအခါ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ ကသာသနာရေး ဝန်ကြီး ဌာနက အစည်းအဝေး တစ်ရပ် ဖိတ်ကြားပြီး၊ ဒုတိယဝန်ကြီးက လုမ္ဗိနီတွင်သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းမည့်အကြောင်းကိုဘာသာရေး အသင်းအဖွဲ့များ၊ စေတနာရှင်၊ ပါရမီရှင်၊ သာသနာ့ဒါယကာ၊ ဒါယိကာမများအား ရှင်းလင်းပြောကြားခဲ့သည့်သတင်း၊ ကြွရောက်လာသူများက စိတ်ပါဝင်စားစွာ တင်ပြဆွေးနွေးသည့်သတင်းများကိုကြားသိရပါသည်။ ထို့အပြင် တစ်ဝလည်း စေတနာရှင်၊ ပါရမီရှင်များက စေတနာထက်သန်စွာလှူဒါန်းကြသည့်သတင်းကိုကြားသိရရာ၊ မဝေးတော့သည့်ကာလအတွင်း၊ သုံးလောကထွတ်ထားသဗ္ဗညု မြတ်စွာဘုရားမွေးဖွားခဲ့ရာ၊ လုမ္ဗိနီဥယျာဉ်တော်တည်ရှိသည့်ဒေသတွင် ဗုဒ္ဓသာသနာတော်အစဉ်ထွန်းလင်း တောက်ပလျက်ရှိသည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများ၏အလှူဒါန၊ သာသနိကအဆောက်အအုံများ ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း တွေးဆကြည်နူးဝမ်းမြောက်မိပါသည်။

<u>တွေးဆသုံးသပ်ချက်နှင့်ဆန္ဒ</u>

၃၈။ ဗုဒ္ဓဘာသာဝင်များ အတွက်ထူးခြားမြင့်မြတ်လှသည့် လုမ္ဗိနီဥယျာဉ်တော်တည်ရှိရာဒေသနှင့်သက်ဆိုင်ရာ များကိုကဏ္ဍအလိုက်ခွဲခြား ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မြတ်စွာဘုရားဖွားမြင်ရာဒေသတွင်မြန်မာနိုင်ငံ၏အလှူသာသနိကအဆောက်အအုံ

များ ဆောက်လုပ်လှူဒါန်း ရန်ကိုင်ဂ ပေါ် ပေါက်ရာတွင် တွေး ဆ သုံး သပ်ချက်နှင့်ဖြစ်ပေါ်ခဲ့သည့်ဆန္ဒကိုလည်း ဖော်ပြလိုပါ သည်။

၄၀။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီး အ ချိန်တွင် ဘုရား ရှင်ပရိနိဗ္ဗာန်စံ တော်မူပြီး နောက်၊ ရှင်တော် ဂေါတမမြတ်စွာဘုရား ဖွား မြင် တော်မူရာအရပ်(လုမ္ဗိနီ ) သဗ္ဗညုတ ရွှေဉာဏ် တော်ကိုရရှိဘုရား ဖြစ် တော်မူရာ အ ရ ပ် (ဗုဒ္ဓဂါယာ)၊ ဓမ္မစကြာတရား ဦး ဟော တော်မူရာ အ ရ ပ် (မိဂဒါဝုန်) နှင့် ပရိနိဗ္ဗာန်စံ တော်မူရာအရပ် ( ကု သိ နာရုံ) ဟူသည့် သံဝေဇနိယ လေး ဌာန သို့ သပ္ပုရိသန္တယ်ဝင် ဗုဒ္ဓဘာသာဝင်များ ဘုရား ဖူး မျှော်ရန် ရောက်ရှိလာကြ လိမ့် မည်၊ ကြည်ညိုသဒ္ဓါပွား သူများ အတွက် သေလျှင်အပါယ် မ လား ကြောင်း ကို မြတ်စွာဘုရား က ဟောကြား တော်မူခဲ့ သည် ဟု အဆိုရှိပါသည်။

၄၁။ အခွင့်အခါကြုံကြိုက်၍ နိုင်ငံ တော်၏ ကျေးဇူး ကြောင့် အဆိုပါသံဝေဇနိယ လေး ဌာနသို့ဘုရား ဖူး ရောက်ရှိခဲ့ပါသည်။ ဗုဒ္ဓဂါယာတွင် ရှေး မြန်မာမင်း များ နှင့် ခေတ် အ ဆက် ဆက် မြန်မာများ လှူဒါန်း ခဲ့သည့် ကျောင်း ကန်ဘုရား အလှူများ ကို တွေ့ရပါသည်။ မြန်မာ့ပိသုကာလက်ရာဖြင့်၊ မုစလိန္ဒာအိုင် အတွင်း ဆဋ္ဌမသတ္တာဟစံ နေ တော်မူရာရုပ်ပွါး တော်ကို သာ ဆည်ဆည်ဝါဝါ ဖူး တွေ့ခဲ့ရပါသည်။ မင်း တုန်း မင်း ကြီး နှင့်

သီပေါမင်းတို့၏အလှူဇရုပ်များ ရှိခဲ့သည်ဟုဆို ပါသည်။ ယခု မရှိတော့ပါ။ နှစ်ပေါင်းများစွာကပင်ဦးစွာ ဆောက်လုပ်ခဲ့သည်ဆိုသော မြန်မာဘုန်းတော်ကြီးကျောင်း ရှိပါသည်။ မြန်မာ့ပိသုကာလက်ရာမဟုတ်ပါ။ ကြိုးစား တည်ဆောက်ထားသည့် အပိုင်းကိုမူ တွေ့ရှိရပါသည်။ မိဂဒါဝုန်တွင် မြန်မာလက်ရာ ပဥ္စဝဂ္ဂီ ငါးပါးအား တရားဟောကြားတော်မူရာ ဆင်းတုကိုသာဖူးတွေ့ရပါသည်။ မြန်မာအလှူရှင့်များ လှူဒါန်းခဲ့သည့် ကမ္ပည်းစာတမ်းများ တွေ့ရပါသည်။ ဘုန်းကြီးကျောင်းအပါအဝင် မြန်မာပိသုကာလက်ရာမတွေ့ရှိရပါ။ ကုသိနာရုံတွင်လည်း ဆိုနည်းလည်းကောင်းပင်၊ လုမ္ဗိနီမှာသံဝေဇနိယ လေးဌာနအနက် ဖွံ့ဖြိုးမှုအနည်းဆုံး ဟုဆိုရပေမည်။ မြန်မာပိသုကာလက်ရာ ကျောက်ဆင်းတုတစ်ဆူသာဖူး တွေ့ရပါသည်။

၄၂။ ဆိုခဲ့သည့်နေရာများတွင် ထိုင်း၊ ဂျပန်၊ တရုတ် စသည့်အခြားဗုဒ္ဓဘာသာဝင်များ ရှိရာနိုင်ငံများမှကိုယ်ပိုင် ပိသုကာလက်ရာများဖြင့်တည်ဆောက်ထားသည့်သာသနိကအဆောက်အအုံများ တွေ့ရှိရပါသည်။ အလှူရေစက်လက်နှင့်မကွာသဒ္ဓါတရား ထက်သန်ကြသောမြန်မာဗုဒ္ဓဘာသာဝင်များကိုယ်စား တွေ့မြင်နေကျ မြန်မာပိသုကာလက်ရာများဖြင့်မတွေ့ရ၍ စိတ်မကောင်း ဖြစ်မိပါသည်။

၄၃။ ယခုလုမ္ဗိနီဒေသသည်အစပျိုးချိန်ဖြစ်ပါသည်။ အခြားသုံး ဌာနတွင် နေရာရှာရန်ပင်မလွယ်တော့ဟုထင်ပါသည်။ ဗွေးဆသုံးသပ်ချက်အရမြန်မာပိသုကာလက်ရာဖြင့် ခန့်ညားထည်ဝါသော သာသနိကအဆောက်အအုံများ လုမ္ဗိနီတွင်ပေါ်ပေါက်စေလိုသည့်ဆန္ဒပြင်းပျှာဖြစ်ပေါ်မိပါသည်။ ဗုဒ္ဓသာသနာတော်နှင့်အတူအစဉ်တည်တန့်မည့်အလှူဒါနများဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၄၄။ ဤနေရာတွင်ချန်လှပ်ထား၍မသင့်သည့် အချက်တစ်ချက်ကိုလည်း တင်ပြလိုပါသည်။ လုမ္ဗိနီတွင် မြန်မာအစိုးရနှင့် မြန်မာနိုင်ငံသားများ ကမြတ်စွာဘုရားအား ရည်စူး၍ သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရာတွင် ငွေကြေး ကုန်ကျမှုများ ပြီးအတိုင်း အဆမသိကုသိုလ်များ ပွားများရရှိကြပေမည်။ တစ်ဖက်တွင်လည်း ဗုဒ္ဓသာသနာတော်ထွန်းကားရာ မြန်မာနိုင်ငံ၏ ပိသုကာလက်ရာများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင်များ၊ ခရီးသွားများ တွေ့မြင်နိုင်ကြသဖြင့် မြန်မာနိုင်ငံ၏ဂုဏ်သတင်းကိုမြှင့်တင်အကျိုးပြုပေလိမ့်မည်။ သို့ရာတွင်၎င်းအဆောက်အအုံများ တည်ရှိရာဒေသသည် ဗုဒ္ဓသာသနာတော်ထွန်းကားရာဒေသမဟုတ်သည်ကို အများသိကြပါလိမ့်မည်။ အနီးတစ်ဝိုက် နေထိုင်ရာလူအများသည် ဘာသာခြားများဖြစ်ကြပါသည်။ အထွတ်အမြတ်တန်ဖိုးမထားသူများ၊



အာသောက ကျောက်တိုင်၊ သကျ ရေကန်၊ မယ်တော်မာယာဒေဝီ ဗိမာန်



မယ်တော် မာယာ ဒေဝီ ဗိမာန်အတွင်းမှ ကျောက်ရုပ်

( အာသောက ကျောက်တိုင် ပေါ်ရှိ ကျောက်စာ )



( ကျောက်တိုင် ပေါ်ရှိ အရေးအသား )

ဒေဝါနံ ပိယေန ပိယဒသိန လာဇိန ဝီသတိဝသာဘိသိတေန
အတန အာဂါစ မဟီယိတေ ဟိဒ ဗုဒ္ဓေ ဇာတေ သကျမုနီတိ
သိလာဝိဂဍဘီ စာ ကာလာပိတ သိလာထဘေ စ ဥသပါပိတေ
ဟိဒ ဘဂဝံ ဇာတေတိ လုမ္မိနိ ဂါမေ ဥဗလိကေ ကဋေ
အဋ္ဌ ဘာဂိယေ စ

နတ်အပေါင်း တို့ ချမ်းမြတ်နိုး အပ်သော ပိယဒဿီအမည်ရှိ သော အသောကမင်း မြတ်သည် အဘိသိတ် ခံပြီး အနှစ်(၂၀) မြောက်တွင် ကြွရောက် တော်မူခဲ့ပါသည်။ ဤနေရာသည် ဗုဒ္ဓသကျမုနိ ဖွား မြင် တော်မူရာဖြစ်သဖြင့် ကျောက်ဖြင့်ပြီး သောတံတိုင်း ပြုလုပ် စေပြီး ကျောက်တိုင်တတိုင် စိုက်ထူခဲ့ပါသည်၊ ဤ နေရာသည် မြတ်စွာဘုရား ဖွား မြင် တော်မူရာဖြစ်သဖြင့် လုမ္ဗိနီ ရွာကို အခေါက်မှလွှတ် စေပြီး ရှစ်ဘို့တဘို့လည်း စား ခွင့်ပေးခဲ့ပါသည်။

( မြန်မာဘာသာပြန်ဆိုချက် )

# လုမ္ဗိနီ ဖွံ့ဖြိုးရေး ပင်မ စီမံကိန်း ပုံကြမ်း




စီမံကိန်း ဧရိယာ - အလျား ၃ မိုင်၊ အနံ ၁ မိုင်

ယန်ယာနိုင်ငံအတွက် ရထားမြေနေရာ

# ဗုဒ္ဓဋ္ဌာနခရီး စဉ်ပြမြေပုံ






ကျူး ကျော် နှောက်ယှက်လိုသူများ လည်း ဖြစ်နိုင်ပါသည်။ ပ သို့ ဆို စေ အခြား သံဝေဇနိယ ဌာနများ တွင်လည်း ထိုနည်း တူပင် ဖြစ်ပါသည်။ ဤအချက် ကြောင့်ဖြစ်ပွါး ပေါက်လာသည့် စေတနာ သဒ္ဓါတရား အား အဟန့်အတား မဖြစ်ပါစေနှင့်ဟုဆု တောင်းမိပါ သည်။

၄၅။ ဤသို့ထူး ခြား မွန်မြတ်လှသည့်အလှူဒါန၊ ကုသိုလ်ကံ စေတနာ ကြောင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားအပေါင်း ပို၍ပို၍တိုး တက်စည် ပင်သာယာဝ ပြောပြီး တိုး တက်ဖွံ့ဖြိုး သည့် နိုင်ငံနှင့်နိုင်ငံသား များ အဖြစ်အလျှံရေစက်လက်နှင့်မကွာ လှူ ဒါန်း နိုင်သည့်အ ခြေအ နေသို့ ရောက်ရှိ စေရန်ဆုမွန် တောင်းတော်မူ အပ်ပါသည်။

<u>နီပေါနိုင်ငံနှင့်ဗုဒ္ဓသာသနာ</u>

၄၆။ လုမ္ဗိနီဒေသနှင့်ပတ်သက်၍တင်ပြခဲ့ပြီး ဖြစ်ရာ ၊ လုမ္ဗိနီတည်ရှိရာနီပေါနိုင်ငံနှင့်နီပေါနိုင်ငံ၏ ဗုဒ္ဓ သာသနာ အခြေအနေကိုဆက်လက်တင်ပြလိုပါသည်။ နီပေါနိုင်ငံသည် တ ရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်နယ်နိမိတ်ဆက် စပ် ၍ ၊ ဟိမဝန္တာ တောင်တန်း တစ် လျှောက်တည်ရှိ သော နိုင်ငံတစ်ခု ဖြစ် ပါသည်။ နီပေါနိုင်ငံ၏ မြောက်ပိုင်း တွင်ကမ္ဘာ့အမြင့်ဆုံး ဧ ဝရက် တောင်ထိပ်( ၈၈၄၈ မီတာအမြင့်) အပါအဝင်ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်အချို့တည်ရှိပြီး ၊ အလယ်ပိုင်း တွင်ပေ ၁၀၀၀ မှ

၂၀၀၀ အမြင့်ရှိ တောင်တန်းကြီးများ၊ ကဠာမဥ္ဇူမြို့ တော်တည်ရှိရာ ပေ ၄၀၀၀ အမြင့်ရှိ တောင်ကြားလွင်ပြင် များ တည်ရှိပါသည်။ နိုင်ငံ၏ တောင်ဖက်အဖျားတွင်သာ မြေပြန့် ဒေသအနည်းငယ်ရှိပါသည်။

၄၅။ အကျယ်အဝန်းအားဖြင့် မြန်မာနိုင်ငံ၏ ငါးပုံတစ်ပုံသာသာ၊ လေးပုံတစ်ပုံနီးပါး (၁၄၅၁၈၁) စတုရန်းမိုင်တာရှိပြီး၊ လူဦးရေအားဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါး၊ လူဦးရေ (၁၉) သန်းကျော်ရှိပါသည်။

၄၈။ မြန်မာနိုင်ငံသားအများစုအနေဖြင့် နီပေါ နိုင်ငံသားများကို ဂေါ်ရခါးများ ဟုသိရှိကြသော်လည်း၊ နီပေါနိုင်ငံတွင် ဂေါ်ရခါးလူမျိုးစုများအပါအဝင် လူမျိုးစု (၄၀) ကျော် နေထိုင်ရာဖြစ်သည်ဟုဆိုပါသည်။

၄၉။ နီပေါနိုင်ငံ၏တရားဝင်စာရင်းဇယားများအရ ဗုဒ္ဓဘာသာဝင်ဦးရေ ၅.၃ ရာခိုင်နှုန်းသာရှိသည်ဟုဆိုပါသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့်မူ နီပေါနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် ၁၅ ရာခိုင်နှုန်းခန့်ရှိသည်ဟုဆို ပါသည်။ မည်သို့ပြစ်စေ ရာခိုင်နှုန်းအများဆုံးဖြစ်သော ဟိန္ဒူဘာသာဝင်များ နောက်ဒုတိယအများဆုံးဖြစ်ပါသည်။

၂၀။ နိုင်ငံ၏ဖွဲ့စည်း ပုံတွင်နီပေါနိုင်ငံသည် ကမ္ဘာပေါ်တွင်တစ်ခုတည်း သောဟိန္ဒူနိုင်ငံဖြစ်သည်ဟုဖော်ပြပြီး ၊ ဘာသာတစ်ခုမှအခြား ဘာသာတစ်ခုသို့ကူး ပြောင်း စေရန်ကြိုး ပမ်း သူများ ကိုဥပဒေအရအရေး ယူနိုင်သည်ဟုဖော်ပြထား ကြောင်းတွေ့ရှိရပါသည်။ လက်တွေ့တွင်ဟိန္ဒူဘာသာကိုး ကွယ်သူအများ အပြားမှာတစ်ချိန်တည်း တွင်ဗုဒ္ဓဘာသာကိုလည်း ကိုး ကွယ်ကြပြီး ၊ ဗုဒ္ဓဘာသာကိုး ကွယ်သူအများ မှာလည်း ဟိန္ဒူဘာသာ ရေး ဆိုင်ရာဆည်း ကပ်ကိုး ကွယ်မှုပြုလုပ်ကြ ကြောင်း တွေ့ရှိရပါသည်။ ( မဟာယာဒေဝီဗိမာန်အတွင်း တွင်ပင် ဟိန္ဒူ ဓလေ့ ဆေး နီမှုန့်များ ဖြန့်ကြဲပူဇော်ခြင်း များ တွေ့ရှိရပါသည်။ )သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်ရာခိုင်နှုန်း ၃၀ခန့်ရှိသည်ဆိုခြင်း မှာမမှား ဟုယူဆရမည်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်အများ စုမှာ မဟာယာန ဂိုဏ်း ဝင်တိဘက်အနွယ်ဝင်များ ဖြစ်ပြီး ၊ ထေရဝါဒဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည် သော နေဝါ၊ ဂူရှင်း၊ လား မား စသည့်လူမျိုး စုများ လည်း ရှိပါသည်။

၂၁။ နီပေါနိုင်ငံသား အများ စုသည်ရိုး သား ဖော်ရွေ ကြပါသည်။ နီပေါနိုင်ငံသို့ရောက်ရှိလာကြသည့် မြန်မာနိုင်ငံ မှဗုဒ္ဓဘာသာဝင်များ အား ဘာသာတရား နှင့်ပတ်သက်၍ မူလ ကပင် လေး စား ကြသဖြင့်သိုက်လှဲပျူငှာစွာကြိုဆို ဧည့်ဝတ် ပြုကြ ပေလိမ့်မည်။ မြန်မာနိုင်ငံသို့ဘုရား ဖူး ရောက်ဖူး ကြသူ များ ၊ မြန်မာနိုင်ငံတွင်ဗုဒ္ဓစာပေသင်ကြား ခဲ့ဖူး သည့်ဘုန်း တော် ကြီး

များ၊ သီလရှင်များ အဟန်အသင့်ရှိကြပါသည်။ မြန်မာလူမျိုးများ၏ ဖော်ရွေမှုကိုတန်ဖိုးထားတုံ့ပြန်လိုကြပါသည်။ နီပေါနိုင်ငံတွင် ရေမသန့်ရှင်းမှုနှင့်ဟင်းသီးဟင်းရွက်များ မသန့်ရှင်းမှုကြုံတွေ့ရတတ်ပါသည်။ သတိပြုရန်မှာကား ကျိုချက်ထားခြင်းမရှိသည့်ရေစိမ်းမသောက်မိရန်၊ ကောင်းစွာဆေးကြောထားသော ချက်ပြုတ်ထားသောအစားအစာများကိုသာ စားရန်နှင့် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း လာရောက်လျှင်လုံလောက်သောအနွေးထည်ပါရှိရန်အရေးကြီးကြောင်း ဖော်ပြလိုပေသည်။

<u>ထေရဝါဒဗုဒ္ဓသာသနာ</u>

၅၂။ နီပေါနိုင်ငံတွင် ၁၉၅၀ ပြည့်နှစ်များမတိုင်မီ ကနိုင်ငံအုပ်စိုးသူများအနေဖြင့်၊ ဟိန္ဒူဘာသာမှကစ်ပါး အခြားဘာသာဝင်များကိုနှိပ်ကွပ်တားမြစ်ကြသည်ဟုဆိုပါသည်။ ထိုအချိန်ကာလများကပင်၊ ထေရဝါဒဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်၍ထွန်းကားပြန့်ပွားရေးအတွက်စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်ဆရာတော်၊ သံဃာတော်များပေါ်ပေါက်ခဲ့ကြောင်းသိရှိရပါသည်။ ဆရာတော်အမ္မရိတနန်ဇာလီ( ပျံလွန်တော်မူပြီး ) နှင့် ဆရာတော်ပညာနန္ဒတို့မှာထင်ရှားသည့်ဆရာတော်ကြီးများဖြစ်ကြပါသည်။ ထိုဆရာတော်ကြီးများနှင့်တပည့်သံဃာတော်များသည်အဓိကအားဖြင့် မြန်မာနိုင်ငံနှင့် အခြားထိုင်းနိုင်ငံ

သီရိလင်္ကာနိုင်ငံများသို့ ဗုဒ္ဓစာပေများ သင်ကြားရန်အတွက် ကြွရောက်ခဲ့ကြောင်း သိရှိရပါသည်။

၅၃။ ထိုဆရာတော်သံဃာတော်များ အနက် မြန်မာနိုင်ငံတွင်စာပေသင်ကြားခဲ့သော၊ လက်ရှိနီပေါနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓဘာသာ၊ သံဃာ့မဟာနာယကဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တ၊ ပညာနန္ဒ မှာသက်တော် (၈၃) နှစ်ရှိပြီ ဖြစ်ပါသည်။ ကဏ္ဍမန္ဒူး မြို့ဘစ်ဖတ်ကမ်း ပါတန်အရပ်ရှိမဟာသကျသီဟကျောင်းတိုက်တွင်ကျန်းမာစွာသီတင်းသုံးလျက်ရှိပါသည်။ ဆရာတော်ကြီး၏သီလ၊ သမာဓိ၊ ပညာဂုဏ်ကို အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရက ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခဲ့ပါသည်။ နီပေါနိုင်ငံရှိ သံဃာတော်များ အနက်မြန်မာနိုင်ငံတွင်စာပေသင်ကြားခဲ့ဖူးသော ဆရာတော် အနုရုဒ္ဓ၊ ဆရာတော်ဗုဒ္ဓဃောသ၊ ဆရာတော်ဦး ဉာဏပုဏ္ဏိကတို့မှာ ထင်ရှားသောဆရာတော်ကြီးများဖြစ်ကြပါသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်နီပေါဆရာတော်ကြီး တစ်ပါးမှာလည်း နိုင်ငံဖွဲ့စည်းပုံအရခွင့်ပြုသဖြင့်အထက်လွှတ်တော်အမတ်အဖြစ် ဗုဒ္ဓသာသနာတော်အတွက်ရပ်တည်ဆောင်ရွက်နေသည်ဟုသိရပါသည်။

၅၄။ နီပေါနိုင်ငံတွင်သီတင်းသုံးနေသည့်တစ်ပါးတည်းသော မြန်မာနိုင်ငံသားဆရာတော်မှာ ဦးအာသဘစာရဖြစ်ပါသည်။ ကဌ္ဌမန္ဒူးမြို့ရှိ ရွှေတောင်ကုန်းမဟာစည် သာသနာ့ရိပ်သာတိုက်ခွဲ၊ အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာ့ရိပ်သာ တွင် သီတင်းသုံးတရားပြလျက်ရှိပါသည်။ ၎င်းရိပ်သာတွင် စနေနေ့တိုင်း တရားပွဲများကို မြန်မာ-နီပေါနှစ်ဘာသာဖြင့်ဟောကြားလျက်ရှိပြီး၊ အခါအားလျော်စွာ ကလေးများအတွက်ဗုဒ္ဓဘာသာသင်တန်းများ၊ ယောဂီများအတွက် ကမ္မဋ္ဌာန်းသင်တန်းများ ပို့ချလျက်ရှိပြီး၊ မြန်မာမိသားစုများကအလှည့်ကျဆွမ်းဝတ်ပြုလျက်ရှိပါသည်။ အဆိုပါရိပ်သာတွင်အဆောက်အအုံသစ်များ ဆောက်လုပ်ရန်အလှူငွေများ အလှူခံလျက်ရှိပါသည်။ ကဌ္ဌမန္ဒူးမြို့တွင် မြန်မာဗိသုကာလက်ရာကျောင်းကန်၊ ဘုရားများ မရှိသေးရာ၎င်းရိပ်သာနေရာမှာ မြန်မာဗိသုကာလက်ရာဖြင့်အဆောက်အအုံတစ်ခုခန့်ဖြစ်စေအခြေချ ဆောက်လုပ်လှူဒါန်းရန်အသင့်ဆုံး နေရာဖြစ်ပါသည်။

၅၅။ နီပေါနိုင်ငံထေရဝါဒဗုဒ္ဓဘာသာအကြောင်း ဖော်ပြလျှင်မပါမဖြစ်သည့်သာသနာပြုပုဂ္ဂိုလ်များမှာ ၁၉၉၂ ခုနှစ်တွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်နီပေါနိုင်ငံသူ သီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီ

နှင့်နီပေါနိုင်ငံတွင်အနှစ် ၃၀ ခန့်လာရောက်သာသနာ ပြုနေသော မြန်မာနိုင်ငံသူ သီလရှင်ကြီး ဒေါ်ဂုဏဝတီ တို့ ဖြစ်ကြပါသည်။

၅၆။ သီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီ မှာ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်မှု ပြင်းပြသဖြင့်၊ အသက် ၁၄ နှစ်အရွယ် ကပင် မြန်မာနိုင်ငံသို့ မြန်မာဆရာတော်ကြီး တစ်ပါးနှင့်အတူ ကုန်းလမ်းခရီး ဖြင့်သွား ရောက်ပညာသင်ခဲ့သူ ဖြစ်ပြီး၊ သီလရှင် ဆရာကြီး ဒေါ်သုဓမ္မဝတီ မှာ ပညာသင်ကြား ရင်း ၊ မြန်မာနိုင်ငံသူသီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီနှင့် တွေ့ ပြီး ၊ လွန်ခဲ့သည့်နှစ်ပေါင်း များ စွာကပင်ခက်ခဲပင်ပန်း မှုအမျိုးမျိုး ကြား မှ နီပေါနိုင်ငံတွင် နေထိုင်၍သာသနာပြုခဲ့သူဖြစ် ပါသည်။ သီလရှင်ဆရာကြီး နှစ်ပါးလုံး မှာ မူလကပင်ကဏ္ဍမန္ဒူး မြို့ ရှိ ဓမ္မကီတ္တိဝိဟာရတွင်အတူနေခဲ့ကြပြီး ၊ ယခုအခါ ဒေါ်ဂုဏဝတီ မှာ အပြည်ပြည်ဆိုင်ရာသာသနာ့ရိပ်သာတွင် ခေဿကူညီ သာသနာ ပြုလျက်ရှိပါသည်။ နီပေါနိုင်ငံသို့ကြွရောက် တော်မူကြသည့် ဆရာတော်ကြီး များ ၊ မြန်မာဘုရား ဖူး များ အား လိုအပ်သော အကူအညီများ ပေး အပ်လျက်ရှိသည့်အထူး ကြည်ညိုလေးစားဖွယ် သီလရှင်ဆရာကြီး များ ဖြစ်ကြပါသည်။ (သီလရှင်ဒေါ်သုဓမ္မဝတီ အကြောင်း စာရေး ဆရာ ရဝေထွန်း က သမီးချစ် အမည် ဖြင့်စာအုပ်ရေး သား ထုတ်ဝေခဲ့ပါသည်။ )

၁၇။ ခမ္ဘောဇ်ဝိဟာ ၌ ခမ္ဘောဇ်တို့ဗုဒ္ဓဘာသာ လေ့လာ ရေး အဖွဲ့မှာ ဗုဒ္ဓဘာသာလူငယ်အများ အပြား ပါဝင်ပြီး၊ မြန်မာ နိုင်ငံအပါအဝင်ဗုဒ္ဓဘာသာဝင်များ ရှိရာနိုင်ငံများ နှင့်ဆက် သွယ် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာဆရာတော် များ ၊ မြန်မာဘုရား ဖူး များ အား ခမ္ဘောဇ်ဗုဒ္ဓဘာသာ လေ့လာ ရေး အဖွဲ့ဝင်များ ၊ သီလရှင်ဆရာ လေး များ က နီပေါနိုင်ငံသာမက ၊ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဌာနများ သို့ဘုရား ဖူး သွား ရောက်လို သူ များ အတွက်ပါလိုက်ပါကူညီ ဆောင်ရွက် ပေး လေ့ရှိကြပါသည်။

၁၈။ ကဘ္ဘမန္ဒူး မြို့တွင်အဆက်ပါထေရဝါဒ ဗုဒ္ဓ ဘာသာ ကျောင်း ၊ ဝိဟာ များ အပြင်ထိုင်း နိုင်ငံမှထိုင်း အနု ပညာ လက်ရာဖြင့်ဆောက်လုပ်လှူ ဒါန်း သော ကမ်ဓိတ်ပု ဆိုင်း ဘုန်း တော်ကြီး ကျောင်း တစ် ကျောင်း ရှိပါသည်။ ၄င်းကျောင်း ဘိုက် တွင် ထိုင်း လေ ကြောင်း မှလှူဒါန်း သောဇရပ်၊ ခန်း မနှင့် ထိုင်း လက်ရာ စေတီပုထိုး တစ်ဆူရှိပါသည်။

၁၉။ ကဘ္ဘမန္ဒူး မြို့တွင်ဗုဒ္ဓဘာသာဆိုင်ရာ ရွှေယံပု နှင့် ဗုဒ္ဓနတ် စေတီကြီး နှစ်ဆူတည်ရှိပါသည်။ မဟာယနဗုဒ္ဓဘာသာထွန်း ကား ရာ ဒေသဖြစ်၍၄င်း ကျောင်း ကန်၊ ပုထိုး များ သာ များ ပါသည်။ သန့်ရှင်း မှုမရှိပါ။ လုမ္ဗိနီမှလွဲ၍ အခြား ဗုဒ္ဓဖြစ်စဉ် နှင့်ဆက်စပ်နေ သော နီပေါနိုင်ငံအတွင်း ရှိ နေရာ ဒေသများ မှာ လုမ္ဗိနီ ကိုဗဟိုပြု၍အနောက်ဖက်တွင် ကပိလဝတ်မြို့ဟောင်း၊

အရှေ့မြောက်ဖက်တွင် ရောဟဏီမြစ်နှင့် ဒေဝဒဟပြည်နေရာ ဟောင်းများသာဖြစ်ပါသည်။ လုမ္ဗိနီ၏အနောက်ဖက် ၁၉ မိုင်ခန့်အကွာ သကျသာကီဝင်မင်းများ၏နေပြည်တော် ၊ ကပိလဝတ်မြို့ဟောင်းရှိပါသည်။ နန်းတော်နေရာမှာမြို့တံခါး နှစ်ခုနှင့်အဆောက်အအုံဟောင်းတစ်ခုကိုတူးဖော်ထားပါသည်။ မတူးဖော်ရသေးသည့်နေရာအများအပြားရှိပါသေးသည်။ ရှေးဟောင်းသုတေသီတစ်ဦး၏ပြောပြချက်အရ ရှေးဟောင်း ဗုဒ္ဓဘာသာအဆောက်အအုံနေရာပေါ်တွင်အခြားဘာသာဝင် များကင်းတို့နှင့်ဆိုင်သည့်အဆောက်အအုံဆောက်လုပ်မှုများရှိ သည်ဟုသိရှိပါသည်။ ကဋ္ဌမန္ဒူးမှလုမ္ဗိနီလာရာလမ်း မိုင် ၁၄၀ ခန့် အကွာရှိ ပါရာစီ အရပ်တွင် ရောဟဏီမြစ်ကိုချောင်းငယ်အ ဖြစ်တွေ့ရှိနိုင်ပါသည်။ မော်တော်ကားလမ်းဘေး ၊ တောအုပ် အတွင်းတွင် ဒေဝဒဟ ပြည်နေရာဟောင်းရှိသည်ဟုဆိုပါသည်။ တူးဖော်မှုသိန်းသိမ်းမှုမရှိကြဟုသိရပါသည်။

<u>နီပေါနိုင်ငံ၏ဆက်သွယ်ရေးလမ်းကြောင်း</u>

၆၀။ နီပေါနိုင်ငံမြို့တော် ကဋ္ဌမန္ဒူးမြို့တွင်နီပေါ နှင့် ထိုင်းလေကြောင်းများအပါအဝင်နိုင်ငံခြားလေကြောင်း (၁၁) ခုမှ လေယာဉ်များဆိုက်ရောက်သည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိပါသည်။ ၁၉၈၈ ခုနှစ်အထိမြန်မာလေကြောင်းပိုင် လေယာဉ်များ ရန်ကုန်နှင့်ကဋ္ဌမန္ဒူးမြို့သို့ပြေးဆွဲခဲ့ပြီး နောက်

ပိုင်း ခေတ္တရပ်ဆိုင်းခဲ့ရာ၊ မကြာမီပြန်လည်ပျံသန်း ရန် စီစဉ်မှုများ ပြုလုပ်လျက်ရှိပါသည်။ နီပေါနိုင်ငံသို့ ဝင်ထွက်နိုင်သည့်အခြား လမ်းကြောင်းများမှာ မော်တော်ကားလမ်းဖြင့် အိန္ဒိယပြည်မှ (၆) နေရာရှိပြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတိဘက်နယ်မှကားလမ်းတစ်နေရာဖြစ်ပါသည်။

၆၁။ နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့သို့ရန်ကုန်မှတိုက်ရိုက် လေယာဉ်ဖြင့်လာလျှင်(၂)နာရီကျော်ခန့်သာကြာမြင့်ပြီး၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှလာလျှင်(၃)နာရီခန့်ကြာမြင့်ပါသည်။

၆၂။ ကတ္တမန္ဒူးမြို့မှတစ်ဆင့် လုမ္ဗိနီသို့သွားမည်ဆိုလျှင် (၁၀၂)မိုင်ခန့်သာဝေးသည့်မော်တော်ကားလမ်းရှိပြီး၊ (၇)နာရီခန့်ကြာမြင့်ပါမည်။ ကားလမ်းအခြေအနေမှာ ကောင်းမွန်သော်လည်း အနေအထားမှာ တောင်ပေါ်လမ်းဖြစ်၍အန္တရာယ်များပါသည်။ မဆင်မခြင်မောင်းနှင်သောယာဉ်မောင်းများကြောင့်လည်းကောင်း၊ မိုးရာသီတွင် သက်တမ်းနုသည့်တောင်များပြိုကျ၍လည်းကောင်း အန္တရာယ်ရှိပါသည်။ ခရီးသည်တင်ဘတ်(စ်)ကားများမှာညနေ (၅) နာရီခန့်တွင်ကတ္တမန္ဒူးမြို့မှထွက်၍ နံနက်လင်းချိန်တွင်ဘိုင်ရာဟဝါမြို့သို့ဆိုက်ရောက်ပါသည်။ မော်တော်ယာဉ်ခမှာရူပီး၉၀ ခန့် (ကျပ် ၁၄ ခန့်)သာပေးရပါသည်။

၆၃။ လုမ္ဗိနီနှင့် (၁၃) မိုင်ခန့်သာ ဝေးသည့်အနီးဆုံး ဘိုင်ရာဟဝါ ခေါ်သိဒ္ဓတ္ထနဂါမြို့တွင် လေဆိပ်တစ်ခုရှိရာ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်များ ဆင်းသက်ခြင်း မပြုသေးပါ ။ လေဆိပ်တိုးချဲ့၍ နိုင်ငံခြား လေယာဉ်များ ဆင်းသက်ခွင့်ပြုရန် အစီအစဉ်ရှိသည်ဟုကြားသိရပါသည်။ ကဏ္ဍမန္ဒူ မှပြည်တွင်းလေကြောင်း ခရီးစဉ်ရှိပြီး ပျံသန်းချိန်တစ်နာရီခန့်ကြာပါမည် ။ မြန်မာထိုင်း နိုင်ငံများ မှကဏ္ဍမန္ဒူ သို့ လေယာဉ်ဖြင့်လာရောက်လျှင်၄င်း ဘိုင်ရာဟဝါမြို့ကိုဖြတ်ကျော် ပျံသန်းခဲ့ရပါသည်။

၆၄။ ဘိုင်ရာဟဝါ ခေါ် သိဒ္ဓတ္ထနဂါမြို့မှာ ကဏ္ဍမန္ဒူ မြို့မှ (၁၇၀) မိုင်ခန့်အကွာတွင်တည်ရှိပြီး ၊ မြန်မာနိုင်ငံ မှ ပြန်လာသည့်နီပေါနွယ်ဖွား များ အများအပြား ရှိပါသည် ။ ၄င်း မှလုမ္ဗိနီ သို့ (၁၃) မိုင်ခန့်သာ ဝေးပြီး ကားလမ်းမြေပြန့်ဖြစ်ပါသည်။ ၄င်း ကားလမ်း နှင့် မနီးမဝေး တွင်မြန်မာနိုင်ငံပြန်နီပေါနိုင်ငံသား အများစု ဝေးနေထိုင်ရာ စံပြရွာတစ်ရွာ ရှိသည်ဟုသိရပါသည်။

၆၅။ ဘိုင်ရာဟဝါမြို့၏ တောင်ဖက် (၃) မိုင်ခန့်အကွာတွင် အိန္ဒိယနိုင်ငံသို့ ဝင်/ထွက်ရာနယ်စပ်မြို့စွန် နောလီ မြို့ ရှိပါသည်။ ယခင်ဘိုင်ရာဟဝါ၏အနောက်ဖက်လုမ္ဗိနီအနီး (၆) မိုင် အကွာတွင်တည်ရှိသည့် နယ်စပ်မှ အိန္ဒိယနိုင်ငံ နောင်ဂါး မြို့ သို့ ဝင်/ထွက်ရာနယ်စပ်စခန်း ရှိခဲ့သော်လည်း ယခုအခါနိုင်ငံခြားသားများ အတွက်ပိတ်ထား ကြောင်း သိရှိရပါသည်။

## သံဝေဇနီယ လေးဌာနနှင့်အခြား ဗုဒ္ဓဌာနများ ဆက်သွယ်မှု

၆၆။ သံဝေဇနီယဌာနတစ်ခုဖြစ်သောလုမ္ဗိနီဒေသနှင့် နီပေါနိုင်ငံအကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ၊ အခြားသံဝေဇနီယ သုံးဌာနနှင့်အခြား ဗုဒ္ဓဌာနများ ဆက်စပ်မှုအခြေအနေကိုအကြမ်းမျှဖော်ပြလိုပါသည်။

၆၇။ ဆိုခဲ့သည့်အတိုင်း လုမ္ဗိနီဒေသမှာနီပေါနိုင်ငံအတွင်း တည်ရှိပြီး၊ အောက်ဖော်ပြပါသံဝေဇနီယဌာနများ ဖြစ်သော ဗုဒ္ဓဂါယာ၊ မိဂဒါဝုန်နှင့် ကုသိနာရုံဒေသများ၊ မြတ်စွာဘုရား၏ဘဝဖြစ်စဉ်နှင့်ဆက်စပ်နေသော မဇ္ဈိမဒေသ ရှိ ဗုဒ္ဓဌာနအများအပြားမှာအိန္ဒိယနိုင်ငံအတွင်း တည်ရှိပါသည်။

(က) <u>သာဝတ္ထိ</u> ။ မြတ်စွာဘုရား ၂၄ ဝါ ဆိုရာဒေသ ဇေတဝန်ကျောင်းတော်ရှိရာဒေသဖြစ်ပြီး၊ နီပေါ၊ အိန္ဒိယနယ်စပ် အနီး လုမ္ဗိနီ နှင့်မလှမ်းမကမ်းတွင် တည်ရှိသော်လည်း ကွေ့ပတ်သွားရ၍ခရီးရှည်ပါသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်မှ စိုက်ပျိုးခဲ့သည့်ညောင်ပင်နှင့်ရေကွင်း ရှိသည်ဟုသိရပါသည်။

(ခ) ကုသိနာရုံ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ တော်မူရာ ဒေသ (ကုသိနာရုံ) မှာ နီပေါ အိန္ဒိယ နယ်စပ်မှ မြောက် တော်ယာဉ်ဖြင့် ၃ နာရီခွဲခန့်မောင်းနှင်လျှင် ရောက်ရှိနိုင်ပါသည်။ မိုင် (၁၀၀) ကျော်ခန့် ဝေးပါသည်။ ပရိနိဗ္ဗာန်စံ တော်မူရာ ပုံရုပ်တု၊ စေတီတော်နှင့် တေဒေါ ဓါတ်လောင်ရာကုန်း စေတီ နေရာနှင့်မြတ်စွာဘုရား နောက်ဆုံး ရေကြည် တော် သုံး ရာ ရေကန်ရှိကြပါသည်။

(ဂ) ရာဇဂြိုလ် ။ ပတ္တနာမြို့ (ယခင်ကပါဋလိပုတ်) တောင်ဖက် ၆၅ မိုင်ခန့်အကွာတွင်တည်ရှိပြီး၊ ဝေဠုဝန် ကျောင်း တော်တည်ရှိရာအရပ်ဖြစ်ပါ သည် ။ ဗိမ္ဗိသာရမင်းကြီး နှင့်အဇာတသတ်၊ ဒေဝဒတ်တို့ ရှိ ခဲ့ ရာ နေရာဖြစ်ပါသည်။ ၎င်း ဒေသတွင်ဝိုက်ဘွင် ပထမ သံဃာယနာတင်ရာလှိုဏ်ဂူ၊ ဂိဇ္ဈကုဋ် တောင်စသည်များ လည်း ရှိပါသည်။

(ဃ) နလန္ဒ ။ ဗုဒ္ဓတက္ကသိုလ်နှင့် ကျောင်း တော် ရာ များ ရှိပြီး ၊ အရှင်သာရိပုတ္တရာ မွေး ဖွား ရာ နှင့် ပရိနိဗ္ဗာန်ပြုရာအရပ်ဖြစ်ပါသည်။

(င) မိဂဒါဝုန် ။ ဗာရာဏသီမြို့မှ မြောက် ဘက် ၆ မိုင် အကွာ ဆာ ရ နတ် ဟုသည့်အရပ်တွင်တည်ရှိပါ သည် ။ ဓမ္မစကြာ တရား ဦး ဟော တော်မူရာအရပ်ဖြစ်ပြီး၊

ဓမ္မစကြာတရား ဦး ဟော တော်မူရာ နေရာ ပြ ဓမ္မရာဇိက စေတီ ၊ အနတ္တလက္ခဏ သုတ် ဟော တော်မူရာ ဓမ္မေခ စေတီများ ၊ ကျောင်း တော်ရာများ ၊ မူလဂန္ဓကုဋီတိုက် နေရာ များ နှင့်ပြတိုက် စသည့်အဆောက်အအုံများ ရှိ ပါ သည်။ ကျယ်ဝန်း သန့်ပြန့်၍ ညအိပ်ရပ် နား လေ့လာရမည့် နေရာဖြစ်ပါသည်။ ဗာရာဏသီ သို့ နီပေါမှ လေယာဉ်ဖြင့်၊ မော်တော်ယာဉ် ဖြင့် လာနိုင်ပါသည်။ နီပေါ၊ အိန္ဒိယ နယ်စပ် မှ

၁ တစ်နေ့ခရီး မိုင်(၂၀၀) ခန့်ရှိပါသည်။

(စ) <u>ဗုဒ္ဓဂယာ</u> ။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော် မူရာ ဒေသဖြစ်ပါသည်။ မဟာဗောဓိ ပင် ၊ ရွှေပလ္လင် နေရာ၊ မဟာဗောဓိ စေတီတော် ကြီး နှင့် သဏ္ဌာနများ တည်ရှိပါသည်။ မြန်မာ နိုင်ငံမှ လှူဒါန်း ထား သည်များ လည်း တွေ့ ရှိ နိုင်ပါသည်။ မြန်မာဘုန်း တော်ကြီး ကျောင်း ရှေ့တွင် နေရဉ္ဇရာမြစ်ရှိပါသည်။ ဗာရာဏသီ မှ မိုင်(၁၅၀) ခန့်ဝေး ပါသည်။ ရထား ဖြင့်လည်း လာနိုင်ပါသည်။ ကာလကတ္တား မှ မိုင်(၃၀၀) ခန့်ဝေး ပါသည်။

၆၈။ အိန္ဒိယနိုင်ငံအတွင်း ဗုဒ္ဓဌာနများသို့ ခရီး လှည့်လည်သွားလာရာတွင်မိမိကြိုက်နှစ်သက်သည့်အစီအစဉ်ဖြင့်သွားနိုင်ပါသည်။ အထက်ပါနေရာများ အားလုံး ခရီးသွား ရက် ၅-၆ ရက်ဖြင့်အနှံ့ရောက်နိုင်ပါသည်။ လေး ယောက်စီးနိုင်သည့်အငှားကား နှင့်သွားပါက တစ်ရက်လျှင်ရူပီး ၁၅၀၀ ခန့်( ဒေါ်လာ ၅၀ )ပတ်ဝန်းကျင်သာ ပေးရပါသည်။ တည်းခိုနေထိုင် ရန် မြန်မာကျောင်းများ ရှိ၍ စိတ်ချမ်းသာစွာတည်းခိုနိုင်ပါသည်။ ဆရာတော်များ မှာ မြန်မာဘုရားဖူးများ အား လှိုက်လှဲစွာ ကြိုဆိုကြလေ့ရှိပါသည်။ ဒေသခံများ၏ ဓလေ့စရိုက်ကြောင့်လုယက်မှု၊ လိမ်လည်မှုများ တစ်ခါတစ်ရံကြုံတွေ့ရသည်မှလွဲ၍ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာဘုရားဖူး ခရီးစဉ်ဖြစ်ပါသည်။

၆၉။ ယခင်က မြန်မာနိုင်ငံမှ ဘုရားဖူးအဖွဲ့ များ၊ အဖွဲ့လိုက်လာရောက်ရာတွင် ကလကတ္တားသို့ လေယာဉ်ဖြင့်လာပြီး ၎င်းမှ မော်တော်ယာဉ်ဖြင့် ဗုဒ္ဓဂယာ၊ ဗာရာဏသီ/ မိဂဒါဝုန်၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ၊ နာလန္ဒ၊ ရာဇဂြိုလ်၊ ဗုဒ္ဓဂယာ နှင့်ကာလကတ္တား ခရီးစဉ်အတိုင်း သွားခဲ့ကြသည်ဟု သိရှိရပါသည်။ နီပေါနှင့်အိန္ဒိယအထွက်အကြိမ်ကြိမ်ပြည်ဝင်ဗီဇာလို အပ်ပါသည်။

## နိဂုံး

၇၀။ လုမ္ဗိနီကို အကြောင်းပြု၍ ဆက်စပ်သိရှိသင့်သည်များကို လေ့လာဖော်ပြခဲ့ပါသည်။ အမှာတွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများက ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာ၊ လုမ္ဗိနီဒေသတွင် စေတနာသဒ္ဓါတရား ထက်သန်စွာ သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းတော့မည်ဖြစ်ရာ၊ ဗုဒ္ဓရှင်တော်မြတ်ကို ကြည်ညိုသဒ္ဓါပွားများ၊ ဓမ္မသံဝေဂများ ဖြစ်ပွါး ရရှိကြမည့် စေတနာရှင် ပါရမီရှင်များအတွက် ရည်ရွယ်၍၊ တိုက်တိုက်ဆိုင်ဆိုင်ဤ နေရာဒေသသို့ဘာဝနာဖြင့် ရောက်ရှိနေခိုက် ပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

၇၁။ နိုင်ငံတော်တိုးတက်စည်ပင်သာယာဝပြောသည်နှင့်အမျှ ရေမြင့်လှုင်ကြာတင့်သည့်သဏ္ဍာန် နိုင်ငံသားတိုင်းကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် လိုအင်ဆန္ဒများ ပြည့်ဝကြမည် ဖြစ်ပါသည်။ နိုင်ငံတော်အပိုင်းကကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများကလည်း ဝိုင်း၍ကူညီဆောင်ရွက်ကြလျှင် ရည်ရွယ်ချက်များ လျှင်မြန်စွာပြီးမြောက်အောင်မြင်ပါလိမ့်မည်။ ယင်းသို့သောအချိန်တွင် မြန်မာနိုင်ငံမှ ဘုရားဖူးအများအပြားမှာလည်း လုမ္ဗိနီဒေသအပါအဝင် မဇ္ဈိမဒေသရှိ ဗုဒ္ဓဌာနများသို့ ရောက်ရှိလာကြမည်မလွဲပါ။

၇၂။ ဗုဒ္ဓဒ္ဓသန များ သို့ ဘုရား ဖူး ရောက် ရှိ နိုက် ဖြစ်ပွါး ပေါ်ပေါက်ရသော ခံစား ချက်မှာ ရေး မပြတတ်လောက် သည့် အနေအထား ရှိပါသည်။ ရောက်ရှိပြီး သည့် များ စွာ သောဘုရား ဖူး များ ကိုယ်တိုင်အသိပင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ဝင်များ လေး နက်စွာယုံကြည်ကိုး ကွယ်လျက်ရှိသော ကျေး ဇူးတော် အရှင် ဗုဒ္ဓမြတ်စွာဘုရား သည်တစ်ချိန်က ဤနေရာများ တွင် သက်ရှိထင်ရှား လှုပ်ရှား နေထိုင် တော်မူခဲ့ပါလား ၊ သတ္တဝါ အပေါင်း အား သံသရာဝတ်ဆင်း ရဲမှကယ်တင်ရန်ထူး မြတ် သော တရား ဒေသနာ တော်များ ဟောကြား ခဲ့ပါလား စ သည်ဖြင့် စိတ်အစဉ်တွင်ကြည်နူး မှု၊ နက်ရှိုင်း သောယုံကြည်သက်ဝင် မှု များ အထူး ဖြစ်ပွါး ပေါ် ပေါက်ခဲ့ရပါသည်။ ထိုခံစား မှုမျိုး ကို လည်း၊ မှုဝေခံစား လိုပါသည်။ ခံစား နိုင်ပါစေကြောင်း ကို လည်း ဆုမွန် ကောင်း တောင်း အပ်ပါကြောင်း အချုပ်အား ဖြင့် ဖော်ပြ ရင်း နိဂုံး ချုပ် အပ် ပါ သည်။

ဤစာအုပ်ကိုပြုစုရင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့်ဆရာသမား ဟူသောအနန္တော အနန္တ ငါးပါး ဂုဏ်ကျေးဇူးကိုမမေ့မလျော့ရန် ငယ်စဉ်တောင်ကျေးကလေးဘဝကပင် မပြတ်သွန်သင်ဆုံးမခဲ့သော ကွယ်လွန်သူ မိဘနှစ်ပါးအား ဦးခိုးကန်တော့ပါသည်။ ဤကုသိုလ်ကိုအမျှပေးဝေပါသည်။ ရောက်ရာအရပ်မှ သာဓု ခေါ်နိုင်ပါစေသတည်း။


## မှီငြမ်းကိုးကားစာအုပ်များ

၁။ နိုင်ငံတော်ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)
သာသနာရေး ဦးစီးဌာန

၂။ Lumbini- The Birth Place of Lord Buddha by Basanta Bidari, Archaeologist Lumbini Development Trust.

၃။ Archaeological Activities in Lumbini 1978-83 by Babu Krishna Rijal Lumbini Development Committee

၄။ Lumbini Development Trust, 1988, ( LDT )

၅။ Statistical Pocket Book, Nepal Central Bureau of Statistics 1992

အဘိဓဇ မဟာရဋ္ဌဂုရု
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘဒ္ဒန္တဝိစိတ္တ သာရာဘိဝံသ
ဦးစီး ရေးသားတော်မူသည့်
နိုင်ငံတော် ဗုဒ္ဓသာသန
မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)
မှ ဘုရားအလောင်းတော်
ဖွားမြင်ခဏ်း ကောက်နှုတ်
ဖော်ပြချက်

## (ဃ) ဘုရားအလောင်းတော်ဖွားမြင်ခဏ်း

ပစ္ဆိမဘဝသား ဘုရားအလောင်းတော်တို့၏ မယ်တော်တို့မှ တပါး အခြားမိန်းမတို့မှာ မိမိတို့၏ ကိုယ်ဝန်ကို ဆယ်လထက် အလွန်သော်၎င်း,ဆယ်လအောက် အယုတ်သော်၎င်း ဆောင်ကုန်လျက် ရက်-လ-မပြည့်မှု၍ ဖွားမြင်တတ်ကြကုန်၏၊ လျောင်း-ထိုင်-ရပ်-သွား-လေးပါးသော ဣရိယာပုထ်တို့တွင် အမှတ်မထင် တပါးပါးသော ဣရိယာပုထ်တို့ဖြင့် ဖွားမြင်တတ်ကြကုန်၏၊ တချို့ လျောင်း၍ ဖွားမြင်တတ်ကြကုန်၏၊ တချို့ထိုင်၍ တချို့ရပ်၍ တချို့ သွား၍ ဖွားမြင်တတ်ကြကုန်၏။

ပစ္ဆိမဘဝသား ဘုရားအလောင်းတော်တို့၏ မယ်တော်တို့ သည်မူကား—ထိုသို့ မဟုတ်ကုန်မူ၍ ပဋိသန္ဓေယူသော နေ့ရက် အချိန်ကာလမှ စတင်လျက် လအားဖြင့် ဆယ်လ၊ ရက်အားဖြင့် (၂၈၅) နှစ်ရာကိုးဆယ်ငါးရက် အတိုင်းအရှည် **ပြည့်စုံစေ့** ရောက်သော အချိန်ကာလ၌သာ တိုက်ကိုယ်ဝန်ပဋိသန္ဓေကို ဆောင်ကြပြီးလျှင် ရပ်သောဣရိယာပုထ်ဖြင့်သာ ဖွားမြင်ကြမြဲ ဓမ္မတာ ဖြစ်ကုန်၏။ ဖွားမြင်ရာ၌လည်း တခုံတရာ စက်ဆုပ်ဖွယ်ရာ အညစ်အကြေးတို့ဖြင့် လိမ်းကျံပေရေခြင်းမရှိပဲ သန့်ရှင်း စင်ကြယ်သည် ဖြစ်၍ ကာသိပိုင်းဖြစ် အထည်သစ်အပေါ်၌ တင်ထားအပ်သော ပတ္တမြားရတနာကဲ့သို့ တင့်တယ်ထွန်းပစွာ ဖွားမြင်တော်မူကြမြဲ ဖြစ်ကုန်၏။

ဘုရားအလောင်းတော်တို့မှတပါး အခြားသူတို့သည် မိခင်၏ ကမ္မဇလေ လှုပ်ရှားသောအခါ၌ ထိုလေ၏ အဟုန်အားဖြင့် (ခြေကား အထက် ဦးခေါင်းကား အောက်) ဦးစောက်ပြောင်းပြန် လန်၍ကျပြီးလျှင် မိခင်၏ ယောနိဒွါရ ပဿာဝဝယ် မာလှသော အသားစိုင်အတွင်းရပ်မှ တင်းကြပ်စွာ မိညှပ်ဖျစ်ညှစ်ဘိ သကဲ့သို့ ပွန်းရိကြေမွလုံးမျှ အလွန်ထိခိုက်နာကျင်လှသော ဆင်းရဲ ဒုက္ခကို ခံစားကြရကုန်လျက် အသူတရာနက်သော ချောက် အတွင်းသို့ ကျရောက် သက်ဆင်းရဘိသကဲ့သို့၎င်း, ကျဉ်းမြောင်းလှစွာသော သံကောက်ပေါက် (သောပေါက်)မှ ဆင်ပြောင်ကြီး

ကို ဆွဲငင်ထုတ်ဆောင်ဘိသကဲ့သို့ရင်း မချိဆင်းရဲ ပင်ပန်းငြိုငြင်စွာ ထွက်မြောက်ဖွားမြင်လာကြရကုန်၏။

ဘုရားအလောင်းတော်တို့မူကား ထိုသို့ မဟုတ်ကုန်ပဲ မေကရိုဏ်ရေစစ်၏အတွင်းမှ ရေဆင်းသည့်အလား လွယ်ကူသက်သာစွာ ထွက်မြောက် ဖွားမြင်ကြရကုန်မြဲ ဖြစ်ကုန်၏။ (ဥပမာအားဖြင့်) တရားဟောပြီး၍ ဓမ္မာသနပလ္လင်မှ ဖြည်းညှင်းသာယာစွာ ကြွဆင်းလာသော ဓမ္မကထိကအရှင်မြတ်ကဲ့သို့ရင်း, စောင်းတန်းလှေကားမှ ချမ်းသာငြိမ်သက်စွာ သက်ဆင်းလာသောယောကျ်ားကဲ့သို့ရင်း, ရောင်ခြည်တထောင် ဆောင်သောနေမင်းသည် ရွှေဘောင်ကို ဖောက်ထွင်း၍ ထွန်းလင်း ထွက်ပြူလာသကဲ့သို့ရင်း ကြောက်လန့်ရွံ့ရှားခြင်း အလျှင်းမရှိ၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံစွာ မျက်လုံးတော်တို့ကို ဖွင့်၍ ခြေတော်တို့ကို ဆန့်လျက် လက်ဝါးတော်တို့ကို ဖြန့်လျက် ငြိမ်သက်ချမ်းသာစွာ ထွက်ကြသန့်စင် ဖွားမြင်တော်မူကြရကုန်၏။

**မဟာမာယာဒေဝီ ဒေဝဒဟပြည်သို့ ကြွ၏ကြောင်း**

မယ်တော်မဟာမာယာဒေဝီသည် ဆိုကို သပိတ်ဖြင့် ဆောင်သကဲ့သို့၊ ဘုရားအလောင်းတော်ကို ဆယ်လပတ်လုံး ဝမ်းကြာတိုက်ဖြင့် လွယ်ပိုက်ထိန်းဆောင်လျက် ရင့်မာခြင်းသို့ ရောက်လာသောအခါ မိမိ၏ ဇာတိရပ်မြေ ဆွေမျိုးတို့နေရာ ဒေဝဒဟပြည်သို့ သွားရောက်လိုသောဆန္ဒ လှုံ့ဆော်လတ်ရကား သုဒ္ဓေါဒနမင်းကြီးအား "အရှင်မင်းကြီး.... အကျွန်ုပ်သည် ဆွေမျိုးတို့၏ စံရာ ဒေဝဒဟပြည်သို့ သွားလိုပါသည်"ဟု လျှောက်ထား ပန်ကြားလေ၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း "ကောင်းပြီ"ဟုဝန်ခံခွင့်ပြုတော်မူ၍ ကပိလဝတ်နေပြည်တော်မှသည် ဒေဝဒဟပြည်သို့တိုင်အောင် ခရီးလမ်းကို ညီညွတ်ပြေပြစ်စွာ ပြင်ဆင်စေပြီးသော် ထိုခရီးလမ်း၏ နံပါးနှစ်ဖက်တို့၌ ငှက်ပျောပင်စိုက်ခြင်း, ရေပြည့်အိုး (ရေအိုးစင်များ)တည်ထားခြင်း, ကွမ်းသီးပင် စိုက်ခြင်း, တံခွန်အောင်လံတို့ကို စိုက်ထောင်လွှင့်ထူခြင်း စသည်တို့ဖြင့် ခရီးလမ်းအစဉ်ကို

နတ်လမ်းမအသွင် တင့်တယ်စွာ ဆင်ယင်စေပြီးလျှင် မဟာမာယာ ဒေဝီမိဖုရားကြီးကို အသစ်ဖြစ်သော ရွှေထမ်းစင်ပေါ်၌ ထိုင်နေ စမြဲဖြစ်ခြင်း... 

(ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့ မယ်တော်မာယာ ကြွချီခဏ်း၌ ကျမ်းဆရာတို့ အဆိုအမိန့် မတူကြပုံကို အနုဒီပနီ၌ ဖော်ပြထားသည်။)

### လုမ္ဗိနီ အင်ကြင်းဥယျာဉ်တော်

ကပိလဝတ်နေပြည်တော်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင် တို့၏အကြား၌ ထိုနှစ်ပြည်ထောင်သား လူအများတို့ အသုံးပြု ခြင်းငှါ ထိုက်သော လုမ္ဗိနီမည်သော အင်ကြင်းတောသည် ရှိ၏၊ ထိုအင်ကြင်းတောသည် မဟာမာယာဒေဝီ မိဖုရားကြီး ကြွသွား ဆိုက်ရောက်တော်မူသောအခါ၌ ပင်ရင်းပင်ခြေမှ အခက်အဖျား တိုင်အောင် ပင်လုံးကျွတ် အပင်တိုင်း ပွင့်လျက်ချည်း ရှိ၏။

ထိုအင်ကြင်းတော အင်ကြင်းပင်တို့ဝယ် အပွင့်အကြား အခက် အလက်အကြားတို့မှ အဆင်းငါးလှေ အရေအရောင် ရှိသော ပိတုန်းအုပ်စုတို့သည်၎င်း, အမျိုးမျိုးသော ငှက်အပေါင်းတို့သည် ၎င်း ချိုမြိန်သာယာ နာပျော်ဖွယ်အသံတို့ဖြင့် ဝဲပျံကွန့်မြူး တွန် ကျူးရင့်ရှုလျက် ရှိကြကုန်၏။ ထိုအင်ကြင်းတော တခုလုံးသည် သိကြားနတ်မင်း၏ စိတ္တလတာမည်သော ဥယျာဉ်တော်နှင့်မခြား ပျော်ပါး မွေ့လျော်ဖွယ်ရာ ဆန်းကြယ်စွာသော ဂုဏ်ကျေးဇူး အထူးတို့နှင့် ပြည့်စုံလျက် ရှိ၏။ ဘုန်းတန်ခိုးအာနုဘော် ကြီး မြတ်သော မင်းသည် ကောင်းစွာ ပြုပြင် စီရင်ထားအပ်သည့် ပျော် ပွဲစား ရိပ်ဝန်းပမာ လွန်စွာပျော်ရွှင်ကြသော အသံတို့ဖြင့် တရုံ မစဲ မြိမ့်မြိမ့်သဲ ဆူညံနေဘိသကဲ့သို့ ရှိချေ၏။ (ဤကား ဇာတ် အဋ္ဌကထာ၏ ဖွင့်ဆိုချက်တည်း။)

## (ဃ) ဘုရားအလောင်းတော်ဖွားမြင်ခန်း

လုမ္ဗိနီအင်ကြင်းတော၌ ရှိကုန်သော အင်ကြင်းပင်တို့၏ အခက်အလက် အပွင့်အဖူးတို့၏ အကြားအကြားတို့မှ အလွန်အကြူးအထူးမွှေးလျော်ခြင်းကို ပြုတတ်သည့် နားဝင်ချိုသာ စိတ်မှာရွှင်မြူးဖွယ် အထူးမြည်ဘွန်တတ်ကုန်သော, အင်ကြင်းပန်းရနံ့ဝတ်ရည်တို့ဖြင့် ယစ်ကာ ဝမ်းသာဝမ်းမြောက်ကြကုန်သော, (ထိုပန်းနံ့ဝတ်ရည်တို့ကို ခံစား သွားလာပျံဝဲလျက် ရှိကြကုန်သော, သူတပါးအဖို့ကိုပါ ဆောင်ယူတတ်သော) ပျားပိတုန်းမတို့သည် သာယာရင့်ကျူးအပ်သည် ဖြစ်၍ ထိုလုမ္ဗိနီ အင်ကြင်းတောသည် နတ်တို့နှစ်သက်အပ်သည့် နန္ဒဝန်ဥယျာဉ်နှင့် တူလှပေ၏။

[ (  ) ကွင်းအတွင်း စကားရပ်၏ အမှာကို အနုဒီပနီ၌-ကြည့်။]

ဝိဘူသိတာ ဇလလဇနာတိစာလိနီ၊
ဝိဘူသိတင်္ဂီ ဝနိတေဝ မာလိနီ။
သဒါ ဇနာနံ နယနာလိမာလိနီ၊
ဝိလုမ္ဗိနီဝါတိဝိရောစိ လုမ္ဗိနီ။

ဇာလဇနာတိစာလိနီ = အရှယ်နှပျို လူထိုထို၏ စိတ်ကို ဖောက်ပြား ချောက်ချားတုန်လှုပ်စေနိုင်သော။ ဝိဘူသိတင်္ဂီ = ပုတီးနားဒေါင်း သွယ်ပျောင်းစုံလင် တန်းဆာဆင်အပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်း ရှိပေသော။ မာလိနီ = ပန်းမျိုးစုံလင် ပန်ဆင်လျက်ရှိသော။ ဝနိတာ = မိန်းမပျိုသည်။ အတိဝိရောစိ ဣဝ = အလွန်တင့်တယ်သကဲ့သို့။ ဝိဘူသိတာ = ဆန်းပြားစုံလင် တန်းဆာဆင်အပ်ပြီးဖြစ်၍။ သဒါ = အခါခပ်သိမ်း။ ဇနာနံ = လူအပေါင်းတို့၏။ နယနာလိမာလိနီ = မမှိတ်မသုန် ရှုကြည့်သည့် မျက်စိတည်းဟူသော ပိတုန်းတို့ စုရုံးခိုနားရာ မာလာဖူးငုံ ပန်းမျိုးစုံပေသသော။ လုမ္ဗိနီ = လုမ္ဗိနီခေါ် ဥယျာဉ်တော်သည်။ ဝိလုမ္ဗိနီဝ = ပျိုနုသောထိုမိန်းမနှင့် အလှဂုဏ်ဆိုင် သူနိုင်ငါနိုင် အပြိုင်လုယက်သကဲ့သို့။ အတိဝိရောစိ = အလွန်အကြူး အထူးဆန်းကြယ် တင့်တယ်လေပြီ....။ (ဤကားဗုဒ္ဓဝင်အဋ္ဌကထာ ဆရာတော် အရှင်ဗုဒ္ဓဒတ္တမထေရ်၏ လုမ္ဗိနီဥယျာဉ်တော်ဖွဲ့ စကားရပ်ပေတည်း။)

ထိုသို့ လွန်ကဲစွာ တင့်တယ်ခြင်းရှိသော လုမ္ဗိနီအင်ကြင်းတောကို မြင်တော်မူလတ်၍ မဟာမာယာဒေဝီမိဖုရားကြီးအား ထိုအင်ကြင်းတောသို့ သက်ဝင်ပျော်ပါး ကစားရှင်မြူးလိုသော ဆန္ဒသည် ထင်ရှားစွာ ဖြစ်ပေါ်လာပေ၏။

အမတ်ဘို့သည်လည်း သုဒ္ဓေါဒနမင်းကြီးအား ပန်ကြား လျှောက်ထားပြီးလျှင် မဟာမာယာဒေဝီမိဖုရားကြီးကို ရွှေထမ်းစင်ဖြင့် ဆောင်ယူကာ မင်္ဂလာအင်ကြင်းတောသို့ ဝင်ကြကုန်၏။

**နတ်ဗြဟ္မာတို့ စုဝေးကြခြင်း**

မဟာမာယာဒေဝီမိဖုရားကြီး လုမ္ဗိနီ အင်ကြင်းတောအတွင်းသို့ ဝင်ရောက်တော်မူသောခဏ၌ပင် နတ်အပေါင်းတို့သည်— "ယနေ့ အလောင်းတော်သူမြတ်သည် မယ်တော်၏ဝမ်းကြာတိုက်မှ ဖွက်မြောက်သန့်စင် ဖွားမြင်တော်မူလိမ့်မည်" ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်လျက် လောကဓာတ် စကြဝဠာတိုက်ပေါင်း တသောင်းလုံး အုန်းအုန်းကြွက်ကြွက် ဘခဲနက်ပွဲတင်ထပ်သော အသံကို ဖြစ်စေကာ ဟစ်အော် ကြွေးကြော်ကြလေကုန်သည်။ စကြဝဠာ တိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် အလောင်းတော်၏ ဖွားမြင်ခြင်း ဝိဇာတမင်္ဂလာကို ပူဇော်သကာ ပြုကုန်အံ့ဟူ၍ အထူးထူးသော မင်္ဂလာဘဏ္ဍာ ပဏ္ဏာလက်ဆောင်တို့ကို ယူဆောင်ကိုင်စွဲကြကုန်လျက် ဤစကြဝဠာတိုက်အလုံး ပြည့်ဖုံးအောင် ပေါင်းဆုံစုဝေး လာရောက်ကြပြီးသော် ကောင်းကင်တပြင်လုံး နတ်ထီးဖြူတို့ဖြင့် လွှမ်းဖုံးမိုးကာ၍ မင်္ဂလာသီချင်းတို့ကို သီဆို ရင့်ကျူးကြကုန်လျက် နတ်၌ဖြစ်သော တူရိယာသံတို့ဖြင့်၎င်း, ခရုသင်းသံတို့ဖြင့်၎င်း တပြိုင်နက် ပွဲတင်ထပ်စေ၍ ရပ်တည်လာကြလေကုန်၏။

မဟာမာယာဒေဝီ မိဖုရားကြီးသည် မင်္ဂလာအင်ကြင်းတောအတွင်းသို့ ရောက်တော်မူလျှင်ပင် ဖြောင့်မတ်လုံးဝန်းသော ပင်စည်ရှိ၍ ပန်းအတိ တန်းဆာဆင်အပ်သော အင်ကြင်းပင်၏ အခက်ကို လက်ဖြင့် လှမ်းယူလိုလာတော့လေသည်။ မင်္ဂလာရှိ

## (ဃ) ဘုရားအလောင်းတော်ဖွားမြင်ခန်း

သော ထို အင်္ကြင်းခက်သည်လည်း အသက်ရှိသူ အလား လူအများ၏ စိတ်နှလုံးကို ချောက်ချားနှောက်မွှေ အံ့သြစေလျက် ရေနွေးဝယ် ပြုတ်ဖျောအပ်သော ကြိမ်ညွန့်ကဲ့သို့ အလိုအလျောက် အောက်သို့ တွဲလျား ညွတ်ကိုင်းကာ မဟာမာယာဒေဝီမိဖုရား ကြီး၏ လက်ဝါးအပြင်သို့ အဆင်သင့် ကပ်ရောက်လာလေသည်။

မဟာမာယာဒေဝီမိဖုရားကြီးသည် လက်ဝါးအပြင်သို့ အဆင်သင့် ကပ်ရောက်လာသော ထို အင်္ကြင်းခက်ကို ကျေးငှက်၏ နှုတ်သီးပမာ တျာတျာနီမြန်းသော လက်သည်း အရောင်တို့ဖြင့် တောက်ပ၍ ကြာရိုးတံတန္နုန်း လုံးစန်းပြေညီသည် လက်ချောင်း ရှိသော အသစ်စက်စက် ဆင်မြန်းအပ်သည့် ရွှေလက်ကောက်တို့ ဖြင့် တင့်တယ်လျက် နှစ်သက်ဖွယ်ရာရှိသော လကျ်ာလက်ဖြင့် ဆွဲကိုင် ဆန့်တန်း၍ ရပ်တည်တော်မူလေ၏။ အင်္ကြင်းခက်ကို လကျ်ာလက်ဖြင့် ဆွဲကိုင် ရပ်တည်နေသော မဟာမာယာဒေဝီ မိဖုရားကြီးသည် မည်းနက်ညိုမှောင် ရှာမည်ယောင်ဖန်ဆင်းသည့် တိမ်ခွင်မိုးရပ်အကြားမှ ထင်ရှားယွက်ပြူစ လစန်း၏ အရေးကဲ့သို့ ၎င်း၊ တခဏချင်း ဝင်းဝင်းပြိုးပြက် တောက်ပလက်သော လျှပ်စစ် အရောင်ကဲ့သို့၎င်း၊ နန္ဒဝန်ဉယျာဉ်တော်၌ ဖြစ်ပေါ်သော နတ် သမီးကဲ့သို့၎င်း အလွန်အကြူး အထူးတင့်တယ်တော်မူပေ၏။

### အလောင်းတော်ကို ဖွားမြင်ခြင်း

မဟာမာယာဒေဝီ မိဖုရားကြီး ရွှေချည် ထဘီကို ဝတ်၍ ငါးကြင်း မျက်စိနှင့်တူသော အကွက်တို့ဖြင့် ဆန်းကြယ်သော အပေါ်ရုံဒုကုဋ္ဌလွှာကို ခြေဖျားတိုင်အောင် ဝတ်ရုံဆင်မြန်းလျက် မင်္ဂလာအင်္ကြင်းခက်ကို ယာလက်မတော်ဖြင့် ကိုင်ဆွဲကာ လွန်ကဲ သော တင့်တယ်ခြင်းဖြင့် တင့်တယ်စွာ ရပ်သောခဏ၌ မဟာ-မာယာဒေဝီ၏ အလောင်းတော်ကို ဖွားမြင်ကြောင်း ကမ္ဘာဇလေ တို့သည် တုန်လှုပ်လာကုန်၏။ ထိုအခါ ကိုယ်လုပ်မောင်းမ မှူးမတ် စသော လူအပေါင်းတို့သည် မဟာမာယာဒေဝီအတွက် တင်း ထိမ် ကန့်လန့်ကာတို့ဖြင့် ပတ်ကာဝန်းရံကြကုန်ပြီးလျှင် ထိုအပါးမှ ဖယ်ရှားဆုတ်ခွါကြကုန်လေသည်။

## မဟာဗုဒ္ဓဝင်

မဟာမာယာဒေဝီ မိဖုရားကြီးသည် မင်္ဂလာအင်ကြင်းခက်ကို ယာလက်တော်ဖြင့် ကိုင်ဆွဲလျက် တင့်တယ်စွာ ရပ်တည်စဉ်ခဏ၌ပင် မဟာသမုဒြာနှင့်တကွသော စကြဝဠာတိုက်တသောင်းလုံး ထိတ်ချွန်းမြည်ဟိန်းလျက် အိုးထိန်းစက်ပမာ သိမ့်သိမ့်ခါတုန်လှုပ်ခြင်း, နတ်ပြဟ္မာအပေါင်းတို့ ကောင်းချီးပေးခြင်း, နတ်ပန်းမိုးတို့ ရွာဖြိုးသွန်ချခြင်း, နတ်လူတို့၏ တူရိယာအပေါင်းတို့ အလိုအလျောက် သာယာစွာ မြည်ခြင်း, ဗိလာအောက်ထက် စကြ-ဝဠာအတွင်း ဟင်းလင်းပွင့်ခြင်း-အစရှိသော သုံးဆယ့်နှစ်ပါး ထူးခြားဆန်းကြယ် အံ့ဖွယ်သရဲ လွန်ကဲ ကြီးမြတ်လှစွာသော ပုဗ္ဗ-နိမိတ်ကြီးတို့ကို တပြိုင်နက်တည်း ဖြစ်စေလျက် (မဟာသက္ကရာဇ် ၆၈-ခု) ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့ ဝိသာခါနက္ခတ်နှင့် စန်းလနတ်ယှဉ်လျက် နေစဉ် ဝေပုလ္လတောင်ဦးမှ ထွက်မြူးကွန့်ဝဲလာသော ရတနာမျက်ရှင်ဖျံ့သည် အရံသင့် ခံယူအပ်သော ရှေးကလပ်အတွင်းသို့ ဖြည်းညှင်းသာယာစွာ သက်ဆင်း လာသကဲ့သို့ ယက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်အပ်သော မြတ်စွာဘုရား အလောင်းတော်သည် မယ်တော်မဟာမာယာဒေဝီ၏ စေတီအိမ်ပမာ ဝမ်းကြာတိုက်မှ ကောင်းစွာသန့်စင် မီးရှူးဖွားမြင်တော်မူ၏။

ယင်းသို့ သန့်စင် ဖွားမြင်သောအခါ၌ ကောင်းကင်ထက်မှ ပူနွေးသောရေအယဉ် (ရေပူစမ်း) တသွယ်, ချမ်းအေးသော ရေအယဉ် (ရေအေးစမ်း) တသွယ်အားဖြင့် ရေအယဉ်နှစ်သွယ်တို့သည် ပင်ကိုယ်ကပင် စင်ကြယ်သန့်ရှင်းရင်းဖြစ်ကြသည့် သားတော်, မယ်တော် နှစ်ပါးလုံးတို့အား ပူဇော်သက္ကာရ အလို့ငှါ အလိုအလျောက် ထွက်ပေါ်ကုန်၍ ဘုရားအလောင်းတော်နှင့် မယ်တော်တို့၏ ကိုယ်၌ အပူအအေးမျှတမှု အငွေ့ဥတုကို ယူစေကြကုန်၏။

(ဤ၌ အမှာစကားရပ်ကို အနုဒီပနီ၌ ပြဆိုထားသည်။)

## (ဃ) ဘုရားအလောင်းတော်ဖွားမြင်ခဏ်း

### ဗြဟ္မာ နတ် လူတို့ အဆင့်ဆင့်ခံယူခြင်း

ထိုသို့ ဖွားမြင်ပြီးသော ခဏ၌ပင်လျှင် ကိလေသာမှ စင်ကြယ်သော စိတ်ရှိကြသည့် မဟာဗြဟ္မာကြီး လေးဦးတို့သည် ဘုရားအလောင်းတော်မြတ်ဖြစ်သော သားတော်ကို ရှေးဦးစွာ ရွှေဇာကွန်ရက်ဖြင့် ခံယူကြ၍ မယ်တော်၏ ရှေ့မှောက်၌ ထားကြပြီးလျှင်—

"ရှင်မိဖုရား… နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်ပါလော့၊ ရှင်မိဖုရားအား ဘုန်းတန်ခိုး အာနုဘော်ကြီးမြတ်သော သားတော် ဖြစ်ပေါ် ဖွားမြောက်ခဲ့လေပြီ"—

ဟု ပြောဆိုကြကုန်၏။

ထိုနောက် မဟာဗြဟ္မာကြီးလေးဦးတို့၏ လက်မှ စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့သည် မင်္ဂလာရှိသည်ဟူ၍ သမုတ်ပညတ် ခေါ်ဝေါ်အပ်သော သစ်နက်ရေဖြင့် သားတော်ကို ခံယူကြကုန်၏။

တဖန် ထိုနတ်မင်းကြီး လေးဦးတို့၏လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် သားတော်ကို ခံယူကြကုန်၏။

ထိုနောက် လူတို့၏လက်မှ လွတ်၍ ဘုရားအလောင်းတော်သည် ရွှေခြေနင်းအတူ ညီညွတ်စွာသော ခြေတော်အစုံတို့ဖြင့် မြေပေါ်၌ ကြွကြွရပ်လျက် အရှေ့မျက်နှာ အရပ်ကို ကြည့်ရှုတော်မူ၏၊ ထိုသို့ ကြည့်ရှုတော်မူသည်ရှိသော် အရှေ့အရပ် မျက်နှာဝယ် အထောင်မက များစွာကုန်သော စကြာဝဠာတိုက်တို့သည် တပြင်တည်း ဖြစ်ကုန်၏၊ စကြာဝဠာတတိုက်နှင့် တတိုက် ခြားနားမှုမရှိ ပကတိတဆက်တည်း တပြန့်တည်းကဲ့သို့ ဟင်းလင်းထင်ကုန်၏။ ထိုအရှေ့အရပ်မျက်နှာ၌ နေကြကုန်သော နတ်လူတို့သည် ဘုရားအလောင်းတော်မြတ်ကို နံ့သာပန်းမာလ်စသည်တို့ဖြင့် ပူဇော်ကြကုန်လျက်—

"အို ယောကျ်ားမြတ် ···· ဤ အရပ်မျက်နှာ၌ အရှင်ယောကျ်ားမြတ်နှင့် တူသောသူ မရှိပါ၊ အရှင်ယောကျ်ားမြတ်ထက် သာလွန်မြင့်မြတ်သူကား အဘယ်မှာ ရှိပါအံ့နည်း"—

ဟူ၍ ပြောဆိုကြကုန်၏။

ဤအတူ တူရူ ( တည့်တည့် ) အရပ်လေးမျက်နှာ, အထောင့်အရပ်လေးမျက်နှာ, အောက်အရပ်မျက်နှာ, အထက်အရပ်မျက်နှာအားဖြင့် အရပ်ဆယ်မျက်နှာတို့ကို အစဉ်အတိုင်း ကြည့်ရှုတော်မူ၍ ထိုအရပ်ဆယ်မျက်နှာလုံးမှာပင် ကိုယ်တော်မြတ်နှင့် တူသောသူ တစုံတယောက်ကိုမျှ မြင်တော်မမူသောကြောင့် ရပ်တည်တော်မူရာအရပ်မှ မြောက်အရပ်သို့ မျက်နှာတူရူ ခုနစ်ဖဝါး ( ခုနစ်လှမ်း ) လှမ်းကြွတော်မူ၏။

ယင်းသို့ _လှမ်းကြွတော်မူသောအခါ မဟာဗြဟ္မာမင်းသည် အလောင်းတော်မြတ်အား ထီးဖြူတော်ဖြင့် ဆောင်းမိုးလျက်, သုယာမနတ်မင်းသည် သားမြီးယပ်ကို ကိုင်ဆောင်လျက်, ထိုမှတပါးကုန်သော နတ်တို့သည် ခြေနင်း,သန်လျက်,မကိုဋ်သင်းကျစ်ဟူသော မင်းမြောက်တန်းဆာတို့ကို အသီးသီး ကိုင်စွဲကြကုန်လျက် အလောင်းတော်နောက်မှ အစဉ်လိုက်ပါကြကုန်၏။ ထိုသို့ မင်းမြောက်တန်းဆာ ငါးပါးကို နတ်ဗြဟ္မာများစွဲကိုင်၍ လိုက်ပါကြသော်လည်း စွဲကိုင်သူ နတ်ဗြဟ္မာတို့ကို မမြင်ရပဲ မင်းမြောက်တန်းဆာတို့ကိုသာလျှင် အများမြင်ကြရကုန်၏။

**ထူးခြားချက်ကြီးများ။** ။ ယင်းသို့ လှမ်းကြွတော်မူသောအခါ၌ ဘုရားအလောင်းတော်မြတ်သည် ပကတိမြေ၌သာလျှင် လှမ်းကြွတော်မူ၏၊ လူအပေါင်းတို့၏ စိတ်၌ကား ကောင်းကင်ခရီးဖြင့် လှမ်းကြွသည်ဟု ထင်မြင်ရ၏။ အဝတ်တန်းဆာ မပါမဆင် ဖွားမြင်တိုင်းသော ပကတိကိုယ်တော်ဖြင့်သာ လှမ်းကြွတော်မူ၏၊ လူအပေါင်း၏

## (ဃ) ဘုရားအလောင်းတော်ဖွားမြင်ခန်း

စိတ်၌ကား ဝတ်စားစုံလင် တန်းဆာဆင်လျက် လှမ်းကြွသည်ဟု ထင်မြင်ရ၏။ ဖွားသစ်စအရွယ် သူငယ်အဖြစ်ဖြင့်သာ လှမ်းကြွတော်မူ၏၊ လူအပေါင်း၏ စိတ်၌ကား တဆယ့်ခြောက်နှစ်သား အရွယ်ရှိသည်ဟု ထင်မြင်ရ၏။

(ယခု ရေးသားပြဆိုခဲ့သည်ကား အလောင်းတော်မြတ် မြောက်အရပ်သို့ ခုနစ်လှမ်း လှမ်းကြွတော်မူသောအရာဝယ် ဇုဒ္ဒဝင်အဋ္ဌကထာ, သုတ်မဟာဝါအဋ္ဌကထာ, ဇာတ်အဋ္ဌကထာတို့၌ ဖွင့်ပြသည့်အတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်၊ ဇိနာလင်္ကာရဋီကာ ဝိဇာတမင်္ဂလာအခန်း၌ကား ဖော်ပြလတ့်သောအတိုင်း အနည်းငယ် ထူးခြား၍ ကျယ်ဝန်းစွာ ဖွင့်ဆိုထားသည်။)

ထိုသို့ လှမ်းကြွတော်မူသောခဏ၌ မဟာဗြဟ္မာမင်းသည် သုံးယူဇနာရှိသော ထီးဖြူတော်ကို ဆောင်းမိုးလျက် လိုက်ပါ၏၊ ထိုအခါ ဤစကြဝဠာမှ ကြွင်းသော စကြဝဠာတိုက်တို့၌ ရှိကြသည့် မဟာဗြဟ္မာမင်းတို့သည်လည်း သုံးယူဇနာစီ ရှိသော ထီးဖြူတော်ကို ဆောင်းမိုးလျက် လိုက်ပါကုန်ရကား စကြဝဠာတိုက်အလုံးသည် ထီးဖြူတော်ပန်းကုံးဖြင့် ဖုံးလွှမ်းပြည့်နှက်လျက် ရှိပေ၏။

ထို့အတူ ဇာတိခေတ်ပေါင်း စကြဝဠာတိုက်တသောင်းတို့၌ နေကြကုန်သော သုယာမနတ်မင်းပေါင်း တသောင်းတို့သည်လည်း သားမြီးယပ်တို့ကို ကိုယ်စီကိုယ်င ကိုင်စွဲကြကုန်၍ သန္တုသိတနတ်မင်းပေါင်း တသောင်းတို့သည်လည်း ပတ္တမြားယပ်ဝန်းတို့ကို ကိုယ်စီကိုယ်င ကိုင်စွဲကြကုန်၍ စကြဝဠာတောင်နံရန်းတိုင်အောင် တလွှဲလွှဲ လွှဲခတ်လျက် ရပ်တည်ကြကုန်၏။

ထို့အတူ စကြဝဠာတိုက်တသောင်းတို့၌ နေကြကုန်သော သိကြားနတ်မင်းပေါင်း တသောင်းတို့သည်လည်း ခရုသင်းပေါင်း တသောင်းတို့ကို မှုတ်ကုန်လျက် ရပ်တည်ကြကုန်၏။

ထိုမှတပါး နတ်သားတို့သည်လည်း အချို့ကား ရွှေပန်းတို့ကို စွဲကိုင်ကြကုန်လျက်, အချို့ကား ပကတိပန်းတို့ကို စွဲကိုင်ကြကုန်လျက်, အချို့ကား မှန်ကြေးမုံပန်း (ကြေးမုံပမာ တဖျတ်ဖျတ် အရောင်ထွက်သောပန်း)တို့ကို စွဲကိုင်ကုန်လျက်, အချို့ကား တံခွန်ပန်းတို့ကို စွဲကိုင်ကုန်လျက်, အချို့ကား ရတနာစီခြယ် ပူဇော်ဘွယ်တို့ကို စွဲကိုင်ကုန်လျက် ရပ်တည်ကြကုန်၏။ နတ်သမီးတို့သည်လည်း အမျိုးအမည်အားဖြင့် များပြားလှစွာကုန်သော ပူဇော်သကာ မင်္ဂလာဘဏ္ဍာတို့ကို အသီးအသီး ကိုယ်စီကိုယ်ငစွဲကိုင်ကြလျက် စကြဝဠာတိုက်အလုံးကို လွှမ်းဖုံးပြည့်နှက်စေ၍ ရပ်တည်ကြကုန်၏။

ဤသို့လျှင် မျက်စိအရသာကို ဆောင်ယူတတ်သည့် စကြ္ဝာရသာယန နတ်ဆေးသဖွယ် များကြွယ်သော ပူဇော်မှုအစီအရင်တို့ ဖြစ်ရှိနေစဉ်, ထောင်ပေါင်း များစွာသော နတ်ခရူသင်း လူခရူသင်းတို့ကို တညှင်းညှင်း မှုတ်ကြကုန်စဉ်, ထောင်ပေါင်းများစွာ နတ်တူရိယာ လူတူရိယာတို့ကို တီးမှုတ်ကြကုန်စဉ်, နတ်ကညာတို့ ဝမ်းသာရွှင်ပျ ကခုန်ကြစဉ်ပင် အလောင်းတော်မြတ်သည် မြောက်အရပ်သို့ ခုနစ်ဖဝါး (ခုနစ်လှမ်း) လှမ်းကြွ၍ ရပ်တည်တော်မူ၏။

ထိုသို့ အလောင်းတော်မြတ် ရပ်တည်တော်မူသော ခဏ၌ အလုံးစုံသော လူနတ်ဗြဟ္မာတို့သည် မည်သည့် အသံကိုမျှ မဖြစ်စေကြပဲ တိတ်ဆိတ် ငြိမ်သက်ကြကုန်လျက် "ယခုအခါ အလောင်းတော် ယောကျ်ားမြတ်သည် ငါတို့ကို မည်သို့သော စကား မြွက်ကြားမိန့်ဆိုလိမ့်မည်နည်း" ဟု နားစွင့်ကာသာ နေကြကုန်၏။

### မဲ့ရဲ့တောက်စကား ကြုံးဝါးမြွက်ဆိုတော်မူခြင်း

ဘုရားအလောင်းတော်မြတ်သည် မြောက်အရပ်သို့တူရူ ခုနစ်ဖဝါး(ခုနစ်လှမ်း)လှမ်းကြွတော်မူပြီး၍ ခုနစ်ခုမြောက်သော ဖဝါးအလှမ်း၌ ရပ်တန့်တော်မူလျက်—

## (ဃ) ဘုရားအလောင်းတော်ဖွားမြင်ခဏ်း

(က) အဂ္ဂေါဟမသ္မိ လောကဿ = ငါသည် လူ သုံးပါးထက် မြတ်သူဖြစ်၏၊ (တနည်း) ငါသည် လူသုံးပါးတွင် အမြတ်ဆုံးဖြစ်၏။

(ခ) ဇေဋ္ဌောဟမသ္မိ လောကဿ = ငါသည် လူ သုံးပါးထက် ကြီးကဲသူဖြစ်၏၊ (တနည်း) ငါသည် လူသုံးပါးတွင် အကြီးအကဲဆုံး ဖြစ်၏။

(ဂ) သေဋ္ဌောဟမသ္မိ လောကဿ = ငါသည် လူ သုံးပါးထက် ချီးမွမ်းအပ်သူ ဖြစ်၏၊ (တနည်း) ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံး ဖြစ်၏။

(ဃ) အယမန္တိမာ ဇာတိ = ဤယခု ပဋိသန္ဓေ တည် နေရခြင်းကား ငါ့အဖို့ရာ နောက်ဆုံး ပဋိသန္ဓေ တည်နေရခြင်း ဖြစ်၏။

(င) နတ္ထိဒါနိ ပုနဗ္ဘဝေါ = ယခုအခါ၌ ငါ့အဖို့ရာ တဖန်ဘဝသစ် ဖြစ်ရခြင်း မရှိတော့ပြီ—

ဟူ၍ လောကဓာတ်စကြဝဠာတိုက်ပေါင်း-တသောင်းလုံးကို ကိုယ် တော်မြတ်၏ အသံတော်ဖြင့် တပြိုင်နက်တည်း ကြားလျှံ့စေ၍ ရဲရဲတောက်စကားကို ကြုံးဝါးကျူးရင့်တော်မူ၏။

ဤသို့ (အာသဘီဝါစာ) ရဲရဲတောက်စကားကို အလောင်း တော်သူမြတ် ကြုံးဝါးမြွက်ဆိုတော်မူသောအခါ ဗြဟ္မာ နတ် လူ ကစုံတယောက်သောသူကမျှ နှုတ်တုံ့တဖန် ပြန်လှန်ငြင်းဆိုခြင်း ငှါ မစွမ်းနိုင်ရကား အလောင်းတော်သူမြတ်အား အလုံးစုံသော ဗြဟ္မာ နတ် လူတို့သည် ကောင်းချီးပေးကြရကုန်၏။

| | |
|---|---|
| လုမ္ဗိနီ | - LUMBINI |
| ကပိလဝတ် | - KAPILAVASTU |
| ဆာကူနင်ဂန် | - SIR. CUNNINGAN |
| ပါမောက္ခကင်ဇိုတင်ဂီ | - PROF. KENZO TANGE |
| ဗိုလ်ချုပ်ကြီး ကိုင်ဇာ ရှမ်ရှား ဂျန်းဗဟာဒူး ရာဏာ | - GEN. KAISER SHUMSHER J.B. RANA |
| ဗိုလ်ချုပ်ကြီး ခတ်ဂါး ရှမ်ရှား ဂျန်းဗဟာဒူး ရာဏာ | - GEN. KHADGA SHUMSHER J.B. RANA |
| မင်းသား ဂျန်အင်ဒရာ | - PRINCE GYANENDRA |
| ဂျိမ်း(စ) ပရင်ဆက် | - JAMES PRINSEP |
| ဆာရနတ် | - SARNATH |
| ဆီဝါလစ် တောင်ကြော | - SIWALIK RANGE |
| ဓမ္မောဒယ သဘာ | - DHARMODAYA SABHA |
| ပတ္တနာ | - PATNA |
| မစ္စတာ ပီ၊ မုကာဂျီ | - MR. P. MUKHERJEE |
| ဘုန်း တော်ကြီး ဖာဟီယန် | - FA-HIEN |
| ဘုန်းတော်ကြီး ကျောင်းများဇုံ | - MONASTIC ZONE |
| ဘုရင်ဘီရင်ဒရာ | - KING BIRENDRA |
| ဘိုင်ရာဟဝါ | - BHAIRAHWA |
| မြင့်မြတ်သော ဥယျာဉ် | - SACRED GARDEN |
| ဘုရင်မဟိန္ဒြာ | - KING MAHENDRA |
| ရူပန် ဒေဟီခရိုင် | - RUPANDEHI DIST |
| ရိပုမာလာဘုရင် | - KING RIPU MALLA |
| လုမ္ဗိနီ ဖွံ့ဖြိုး ရေးအဖွဲ့ | - LUMBINI DEVELOPMENT |
| သိဒ္ဓတ္ထနာဂါ | - SIDHARTHANAGAR |
| သကျ ရေကန် | - SAKYA TANK |
| ဘုန်း တော်ကြီး ဟူအင်ဆန် | - HIUEN-TSANG |
| ဟုတ်ကဲကလပ် | - HOKKE CLUB |
| ဆရာတော်အမြိတနဇ္ဇာလီ | - AMRITANJALI |
| ဒေါက်တာ အေ၊ ဖူရာ | - DR. A. FUHRER |